# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၀၈)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၁ ရက်၊ ၁၈–၃–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အရဟန်ဆွမ်းဆက်ကပ်လှူဒါန်း၍ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

နေပြည်တော် မတ် ၁၇

၂၀၂၆ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အပိုင်းသုံးပိုင်းခွဲ၍စည်ကားသိုက်မြိုက်စွာကျင်းပရာ သံဃာတော်များအား အရဟန်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို နံနက် ၆ နာရီတွင်လည်းကောင်း၊ ထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲနှင့် အကပြိုင်ပွဲများကို ညနေ ၆ နာရီတွင်လည်းကောင်း ကျင်းပပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နေပြည်တော် တပ်ကုန်းမြို့နယ် ရှမ်းစပ်ကုန်းမြောက်ကျောင်း ဆရာတော် ဦးကောသလ္လနှင့် ရတနာမှန်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသတို့ အမှူးပြုသော ပင့်သံဃာတော်ငါးပါးတို့ကို ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ဆုတောင်းမေတ္တာပို့သကြပြီး တက်ရောက်လာသည့် ဒေ့ပရိသတ်များကို နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနအတွင်း ကျင်းပခဲ့သည့် ဒီဇင်ဘာအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။





ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် အငြိမ်းစားအရာထမ်းအမှုထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့သံတမန်ရေးရာသမိုင်းကြောင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော် သက်တမ်းရှိခဲ့ပြီး ခေတ်အဆက်ဆက်တွင် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက် ကျင့်သုံးခဲ့ကြောင်း၊ လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံနှင့် သံတမန် အဆက်အသွယ် ထူထောင်ထားပြီး ပြည်ပနိုင်ငံများ၌ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၅၂ ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိတွေ့ဆက်ဆံရေးနှင့် သဟဇာတဖြစ်ရေးကို အလေးထားသည့် သံတမန်နည်းလမ်း (Engagement and Harmony Oriented Diplomacy) ကို ကျင့်သုံးလျက်ရှိရာ ပြီးခဲ့သည့် ငါးနှစ်တာအတွင်း နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန် အလေးထားဆောင်ရွက်လျက်ရှိရာတွင် ICJ ၌ ခိုင်မာစွာ ခုခံချေပခြင်း၊ အွန်လိုင်းလိမ်လည်မှုများအား Zero Tolerance Policy ဖြင့် နှိမ်နင်းခြင်းတို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်၍ နိုင်ငံတော်အပေါ် ယုံကြည်မှုနှင့် လေးစားမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စသည်ဖြင့် အပြုသဘော အောင်မြင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် သံတမန်နည်းလမ်းသည် ပို၍အရေးပါလာနေကြောင်း၊ သံတမန်မျိုးဆက်များအကြား အတွေ့အကြုံ စွမ်းဆောင်ရည်နှင့် လေ့လာမှုတို့ကို ပေါင်းစပ်၍ သံတမန်မျိုးဆက်ကောင်းများ စဉ်ဆက်မပြတ် ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ သံတမန်နည်းနာ၊ နိုင်ငံခြားရေးမူဝါဒ ဖော်ဆောင်မှုနည်းနာများအပြင် အမျိုးသားနိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် ကာကွယ်ရေးဆိုင်ရာ သိမြင်နားလည်မှုများရှိရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို တတ်စွမ်းသမျှ ဝိုင်းဝန်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရေမြေသယံဇာတကို သားစဉ်မြေးဆက် တန်ဖိုးထား သုံးစွဲနိုင်စေရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် တာဝန်သိ၍ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားတိုးတက်စေရေး အမြဲမပြတ် လေ့လာဆည်းပူးသွားရမည်ဖြစ်သကဲ့သို့ အဖွဲ့လိုက် လုပ်ဆောင်မှုအားကောင်းစေရေး အတွက်လည်း လေ့ကျင့် ပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိ၍ ချမှတ်ထားသည့် မူဝါဒများ၊ ဝန်ထမ်းကျင့်ဝတ်၊ သံတမန်ကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာရန် လိုအပ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးနှင့်အခွင့်အရေးကို တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်ကကဲ့သို့ အခက်အခဲများကြားမှ ကြံ့ကြံ့ခံတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းမိသားစုများအား အထူးမှတ်တမ်းတင် ဂုဏ်ပြုကြောင်းနှင့် မည်သည့်စိန်ခေါ်မှုများကိုမဆို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းမှ အားစိုက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများက တေးသံသာများ သီဆိုခြင်း၊ ဦးစီးဌာနများ၏ ယှိမ်းအကပြိုင်ပွဲ ကျင်းပခြင်းတို့ဖြင့် ဖျော်ဖြေခဲ့ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲ ၇၉ ဆုနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအတွက် ဆု ငါးဆု မဲဖောက်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဧလ**

၂၀၂၆ ခုနှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ သီးနှံများထဲတွင် ဝါသီးနှံသည် ချည်ထည်လုပ်ငန်းများအတွက် အရေးပါသောကုန်ကြမ်းဖြစ်ပြီး သဘာဝချည်မျှင်များကိုထုတ်ပေးသည့် အပင်ဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ အရေးပါသော သီးနှံဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို ဦးတည်လျက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ တစ်ဧကအထွက်နှုန်း မြင့်မားစွာရရှိစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် နိုင်ငံတော်အတွက် လိုအပ်နေသော အဝတ်အထည်နှင့် လူမှုအသုံးအဆောင်များအတွက် ကုန်ကြမ်းဖြစ်သော ဝါဂွမ်းများ ပြည်တွင်းတွင် ဖူလုံစွာထွက်ရှိနိုင်ရေးအပြင် ကုန်ချောများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဝါသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းတို့တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဝါချည်ဖြင့် ရက်လုပ်သော အထည်အလိပ်များသည် နွေရာသီတွင် အေးကာ ဆောင်းရာသီတွင် နွေးပြီး ချည်ထည်တို့မှာ ကြာရှည်ခိုင်ခံ့ခြင်း၊ ဝတ်ဆင်ရာ၌ သက်သောင့်သက်သာရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ငွေကြေးသင့်တင့်သောကြောင့် လူတန်းစားအလွှာမရွေး လက်လှမ်းမီသော အထည်အလိပ်ဖြစ်၍ အသုံးပြုသူ များပြားလျက်ရှိသည်။ ထို့ပြင် ဝါဂွမ်းသည် လူသုံးပစ္စည်းအမြောက်အမြား ပြုလုပ်ရန် အသုံးဝင်ရုံသာမက ဝါစေ့များကိုလည်း ဆီကြိတ်၍ ဝါစေ့ဆီထုတ်ယူနိုင်သည်။ ဆီကြိတ်၍ ကျန်ရှိသော ဝါစေ့ဖတ်နှင့် ဝါစေ့ခွံတို့ကိုလည်း လူသုံးကုန်ပစ္စည်းအဖြစ် အသုံးပြုကြသည်။

ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။ ဝါစိုက်တောင်သူများအတွက် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များ နှစ်စဉ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဝါမျိုးများ စုဆောင်းထိန်းသိမ်းခြင်း၊ ဝါမျိုးများ မွေးမြူရွေးချယ်ခြင်းလုပ်ငန်းများ၊ ဝါမျိုးကောင်းမျိုးသန့်များကို မျိုးသန့်အဆင့်အလိုက် မျိုးသန့်ပွားခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၏ ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများတွင် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ပြည်တွင်းအငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ချည်ကုန်ကြမ်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး၊ ဝါကုန်ကြမ်းကောင်းရရှိရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးနိုင်ရေး၊ ဝါစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## မတ္တရာမြို့နယ်၊ လက္ကောင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မတ္တရာ မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာအတွင်းသို့ ပြည်သူများ ပြန်လည်နေထိုင်ခြင်း အထိမ်းအမှတ်အဖြစ် အဆိုပါကျေးရွာရှိ မဟာသုမင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့နံနက် ၇ နာရီခွဲမှစတင်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းမင်းလတ်၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်နှင့်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများစုပေါင်း၍ ကျောင်းတိုက်အတွင်းရှိ ပြိုကျပျက်စီးနေသော အုတ်ကျောင်းဆောင် အဟောင်းနှင့် ကျောင်းဝင်းအတွင်း၊ အပြင်ရှိ အပျက်အစီးများကို ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသူများအား အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာမှူးက နံနက်စာ ကောက်ညှင်းပေါင်းနှင့်အကြော်၊ နေ့လယ်စာ ထမင်း၊ ဟင်းတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ရွှေရာသား**

၀-၀-၀-၀-၀

၀-၀-၀

## မော်တော်ယာဉ်အသင်းများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်

**မန္တလေး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေး လုပ်ငန်းကော်မတီ ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်အသင်းများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လုပ်အားယှဉ်ပြိုင်ဆုများချီးမြှင့်ခြင်း အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ ကော်မတီရုံးတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ ဆုရယာဉ်အသင်းများကို လုပ်အားယှဉ်ပြိုင်ဆုကြေး ငွေကျပ် ၅၁၇ သိန်းကျော် ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဟန်က အဖွင့်အမှာစကားပြောကြားပြီး ယကက(အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ရခြင်းအကြောင်းကို ပြောကြားကာ တာဝန်ရှိသူများက ဆုရယာဉ်အသင်း ၁၅ သင်းအား ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ဆုငွေများ၊ ယာဉ်ရပ်နားစခန်းအလိုက် ဆုရယာဉ်အသင်းများ ဆုများ၊ ဝန်ထမ်းများအား ၆ လပတ် လုပ်အားဆုငွေများ၊ ဘဏ္ဍာနှစ်အတွင်း ဌာနခွဲများအလိုက် စည်းကြပ်ခငွေများ အများဆုံးရရှိအောင် ကောက်ခံပေးနိုင်သည့် ဝန်ထမ်းများအား ဆုများချီးမြှင့်၍ ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်အတွက် ယာဉ်မောင်း၏ မိသားစုအား ထောက်ပံ့စရိတ်များ ပေးအပ်သည်။ ထို့နောက် ဆုရယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ယာဉ်လိုင်းပြေးဆွဲခဲ့သည့် ယာဉ်အသင်းများအနက်မှ တစ်နှစ်တာ ကာလပတ်လုံး စည်းကြပ်ခပေးသွင်းမှု၊ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် ယာဉ်အသင်းအား ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ ပြေးဆွဲခရီးမိုင် ၅၀ အောက်အသင်းများအနက် စည်းကြပ်ခပေးသွင်းငွေကျပ် လေးသိန်းနှင့်အထက် ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၁၀၀ အောက် အသင်းများအနက် စည်းကြပ်ခပေးသွင်းငွေကျပ်ကိုးသိန်းနှင့် အထက်ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၂၀၀ အောက်အသင်းများအနက် စည်းကြပ်ခပေးသွင်းငွေကျပ် ၁၄ သိန်းနှင့် အထက်ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၄၀၀ အောက် စည်းကြပ်ခပေးသွင်းငွေကျပ် ၁၆ သိန်းနှင့်အထက် ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၄၀၀ အထက် စည်းကြပ်ခပေးသွင်းငွေကျပ် ၁၈ သိန်းနှင့်အထက် ပေးသွင်းသည့်အသင်းများအား စည်းကြပ်ခပေးသွင်းငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ထပ်ဆောင်းဆုငွေ ၂ ရာခိုင်နှုန်း စုစုပေါင်း ၁၂ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ပြန်လည်တွက်ချက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ Naypyitaw State Academy ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက Naypyitaw State Academy ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ် ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်း ပထမနှစ်နှင့် မဟာတန်းဒုတိယနှစ် သင်တန်းများ၏ ပထမပညာသင်ကာလ စာမေးပွဲများတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

Naypyitaw State Academy ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလ စာမေးပွဲများကို မတ် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိပြီး ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။



နေပြည်တော်ကောင်စီ နယ်မြေရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန စုစုပေါင်း ၄၉ ခု၌ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် ကျောင်းသားကျောင်းသူ ၁၄၉၁၄ ဦး စာရင်းပေးသွင်းကြပြီး ဆဌမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာရပ်ဖြေဆိုသူ ၁၄၈၈၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သတင်း စာမျက်နှာ ၂၄








အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။


## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

| | |
|---|---|
| ချန်ပီယံလိဂ် ၁၆သင်းအဆင့် (ဒု-အကျော့) အနိုင်၊ အရှုံး | NGB |
| စပို့တင်းလစ္စဘွန်း ၅ - ၀ ဘိုဒိုဂလင့် | |

# မြစ်သားမြို့နယ်၌ ယခုနှစ် မိုးကြိုသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၆၀၇ ဧက လျာထားစိုက်ပျိုး

မြစ်သား မတ် ၁၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ရေရရှိရေးနည်းလမ်းများအလိုက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံမျိုးစုံ ၂၀၁၁၀ ဧကလျာထားပြီး ကူမဲရှေ့တန်းစခန်းနှင့် မိုင်းမောရှေ့တန်းစခန်းတို့တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ်မိုးကြိုသီးနှံပဲတီစိမ်း ၆၀၇ ဧကလျာထားစိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုစိုက်ပျိုးရာသီမှာ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းတောင်သူများကို အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပဲတီစိမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

မိုးကြိုသီးနှံပဲတီစိမ်း အထွက်နှုန်းများတိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင်နှင့် ပဲတီစိမ်းစိုက်ခင်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းခြင်းဖြင့် အထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း မိုးကြိုသီးနှံပဲတီစိမ်းစိုက်တောင်သူထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀



မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်း လျှပ်စစ်မီးပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ စည်ပင်သာယာရေးနှင့် လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

(၀၄၀)

# မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သည့်ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရှိသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူက ပြည်ပတွင်ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသူကို ဆိုသည်။

(ဃ) **ဧည့်နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော ဧည့်နိုင်ငံသားကို ဆိုသည်။

(င) **နိုင်ငံသားပြုခွင့်ရသူ** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကို ဆိုသည်။

(စ) **ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number–UID)** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identification)** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားဟု ယူဆရသူကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက တစ်ကြိမ်သာလျှင်အသုံးပြုရန် ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဇ) **မြန်မာနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ သာမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ် သို့မဟုတ် သံတမန်နိုင်ငံကူးလက်မှတ်ကို ဆိုသည်။

(ဈ) **မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူ** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများကို ဆိုသည်။

(ည) **သာမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

(ဋ) **အထူးနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ တာဝန်တစ်ရပ်ရပ်ဖြင့် သွားရောက်ရန်အတွက် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

(ဌ) **သံတမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန် ထမ်းဆောင်မည့် သံတမန်များ၊ ဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

(ဍ) **အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (Electronic Passport–e passport)** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များကို ချစ်ပ်ပြားတွင် ထည့်သွင်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လုံခြုံရေးအဆင့်မြင့်ထားသည့် အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်ကို ဆိုသည်။

(ဎ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို ဆိုသည်။

(ဏ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး(ရန်ကုန်)နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အသုံးပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ် စနစ်တကျထုတ်ပေးခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကိုကာကွယ်ရန်၊

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံသို့ ခရီးသွားလာခြင်းကို စနစ်တကျစီမံခန့်ခွဲရန်၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရန်၊

(င) မြန်မာနိုင်ငံကူးလက်မှတ် အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွဲပြောင်းခြင်းတို့ကို ဥပဒေနှင့်အညီကာကွယ်နိုင်ရန်။

## အခန်း(၃)

## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး<br>လုံခြုံရေးနှင့်ဆိုင်သော<br>ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး၊<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၁) | သတင်းရဲတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်နှင့်စပ်လျဉ်း၍ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အထူးကိစ္စရပ်များအတွက် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းနှင့် လိုအပ်သည့် အခြေအနေများ သတ်မှတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၊ ပြည်ပနိုင်ငံရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများသို့ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း၊ မွေးတိုးလျှောက်ထားခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်ထားခြင်းများကို စိစစ်၍ ခွင့်ပြုစေခြင်း သို့မဟုတ် ငြင်းပယ်စေခြင်း၊

(စ) သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

(ဆ) ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်း၊

(ဇ) ဤဥပဒေအရ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ပေးသွင်းရမည့်အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဈ) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူများသည် အရေးကြီး၊ အရေးပေါ်ကိစ္စရပ် အတွက် ခိုင်လုံသောအကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံကူးလက်မှတ် အမြန်ရရှိရေး လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနက အမည်ပျက်စာရင်းပေးပို့လာပါက အမည်ပျက်စာရင်း ထည့်သွင်းခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် မြန်မာနိုင်ငံကူးလက်မှတ် ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၄)

## မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၇။ (က) **သာမန်နိုင်ငံကူးလက်မှတ်** လျှောက်ထားခွင့်ရှိသူသည် အောက်ပါစာရွက်စာတမ်းများနှင့် အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်-

(၁) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊

(၂) အသက် ၁၀ နှစ်အောက်ဖြစ်ပါက မွေးစာရင်း(မူရင်းနှင့် မိတ္တူ)၊

(၃) အသက် ၁၈ နှစ်အောက်ဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦး၏ ခွင့်ပြုချက်၊ (မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လာရောက်လျှောက်ထားရမည်)

(၄) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ-၆၆/၆ (မူရင်းနှင့် မိတ္တူ)၊

(၅) ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number-UID)၊

(၆) လျှောက်ထားလိုသည့် သာမန်နိုင်ငံကူးလက်မှတ်အမျိုးအစားအလိုက် လိုအပ်သော အခြားစာရွက်စာတမ်းအထောက်အထားများ၊

(၇) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအတွက် တရားဝင်သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားသည့်အထောက်အထား၊

(၈) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အချက်အလက်များ။

(ခ) သက်ဆိုင်ရာမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် ပုဒ်မခွဲ(က)အရ တင်ပြသော မူရင်းအထောက်အထားများကိုစိစစ်ပြီး မူရင်းအထောက်အထားကို လျှောက်ထားသူထံ ပြန်လည်ပေးအပ်ရမည်။

၈။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားလိုသူသည်-

(က) သက်တမ်းတိုးလျှောက်ထားလိုပါက မူလထုတ်ပေးထားသော သာမန်နိုင်ငံကူးလက်မှတ် စာအုပ်မူရင်းနှင့် ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်း မကုန်ဆုံးမီ ၆ လအတွင်း လျှောက်ထားနိုင်သည်။

(ခ) သက်တမ်းကုန်ဆုံးရန် ၆ လ မတိုင်မီ သက်တမ်းတိုးလျှောက်ထားလိုပါက သတ်မှတ်ထား သည့် ဒဏ်ကြေးငွေပေးသွင်း၍ ပုဒ်မခွဲ(က)ပါအတိုင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး ရုံးတွင် လျှောက်ထားနိုင်သည်။

၉။ သာမန်နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ အသစ်လျှောက်ထားလိုပါက ပျောက်ဆုံးကြောင်းသတင်းစာ တွင် ထည့်သွင်းကြော်ငြာသည့်ရက်မှ ၆ လ ပြည့်လျှင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အောက်ပါစာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရမည်-

(က) ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ၊

(ခ) သတင်းစာတွင် ကြော်ငြာထားသည့် အထောက်အထား၊

(ဂ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်ထားသည့် အထောက်အထား။

၁၀။ သာမန်နိုင်ငံကူးလက်မှတ် ပျက်စီး၍ အသစ်လျှောက်ထားလိုပါက မူလသာမန်နိုင်ငံကူးလက်မှတ် (ပျက်စီး)၊ သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်သည့်အထောက်အထား၊ ပုဒ်မ ၇ ပုဒ်မခွဲ(က) အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများပူးတွဲ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ်အသစ် ပြန်လည်လျှောက်ထားနိုင်သည်။

၁၁။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူက သာမန်နိုင်ငံကူးလက်မှတ်အသစ် လျှောက်ထား ခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည် လျှောက်ထားလာပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၂။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထား ခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပြန်ထား သော သတ်မှတ်ချက်နှင့်အညီ ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသို့ လျှောက်ထားနိုင်သည်။

၁၃။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူက သက်တမ်းတိုး လျှောက်ထား ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် မွေးတိုး လျှောက်ထားခြင်းများကို ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသည် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် စိစစ်တင်ပြချက်များအပေါ် မူတည်၍-

(က) ပြည်တွင်း၌ သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထား ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ပြန်လည်လျှောက်ထားခြင်းတို့ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပြည်ပနိုင်ငံတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၅။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူသည် ပြည်ပသို့ အရေးကြီး၊ အရေးပေါ်ကိစ္စရပ်ဖြင့် ထွက်ခွာရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက် အထောက်အထားများဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်။

၁၆။ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်အပေါ် တင်ပြချက်ကိုစိစစ်၍ သာမန်နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်ဖြင့်ပြည်ပသို့ သွားရောက်မည့် နိုင်ငံတော်က အထူး ကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်သည် သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားလိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်သည်။

၁၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် အထူးနိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၉။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် သံတမန်နိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၀။ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည်-

(က) အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်စနစ် ကျင့်သုံးသည့်အခါ အီလက်ထရောနစ်နိုင်ငံကူး လက်မှတ်အသစ်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် မူရင်းနှင့် မိတ္တူ ပူးတွဲတင်ပြလျှောက်ထားရမည်။

(ဂ) မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်းကုန်ဆုံးသည်အထိ အသုံးပြုနိုင်သည်။

၂၁။ (က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် သက်ဆိုင်ရာသို့ အကြောင်းကြား နိုင်သည်။

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည် အီလက်ထရောနစ် နိုင်ငံကူးလက်မှတ် ရရှိသည့်အခါ မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံရမည်။

## အခန်း(၅)

## မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြန်လည်အပ်နှံခြင်း

၂၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးခြင်း၊

(ခ) အထူးကိစ္စရပ်ကြောင့် ပြည်ပသို့ထွက်ခွာနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူကို သက်ဆိုင်ရာနိုင်ငံသို့ သွားရောက်ရန် လိုအပ်သလို သက်တမ်းနှင့် အခြေအနေသတ်မှတ်၍ သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေး ခြင်း။

၂၃။ ပြည်တွင်းတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက လျှောက်ထားသူထံ တိုက်ရိုက် ထုတ်ပေးရမည်။

၂၄။ ပြည်ပတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၅။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းသည် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၂၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့ စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ် သည့် ပုဂ္ဂိုလ်အတွက် အထူးနိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက လျှောက်ထားသည့် ဌာနသို့ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက် များကို ပေးပို့ရမည်။

၂၇။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများအတွက် သံတမန်နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနက လျှောက်ထားသည့်ဌာနသို့ ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၈။ အထူးနိုင်ငံကူးလက်မှတ် ရရှိသူသည်-

(က) အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသို့ အပြီးတိုင် ပြန်လည်အပ်နှံရမည်-

(၁) ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခြင်း၊

(၂) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊

(၃) ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခြင်း၊

စာမျက်နှာ ၆ သို့ ❖

❖ စာမျက်နှာ ၅ မှ

(၄) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊

(၅) ရာထူးမှ နုတ်ပယ်ခံရခြင်း၊

(၆) သေဆုံးခြင်း။

(ခ) ပြည်ပခရီးစဉ်ပြီးဆုံးပါက အထူးနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ယာယီအပ်နှံရမည်။

၂၉။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသူဖြစ်ခြင်း၊

(ခ) နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူဖြစ်ခြင်း၊

(ဂ) မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်လှည့်ဖြားလျှောက်ထားသူဖြစ်ခြင်း၊

(ဃ) ပြစ်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊

(င) ပြစ်မှုတစ်ခုခုဖြင့်အရေးယူခံရ၍ တရားရုံး သို့မဟုတ် သက်ဆိုင်ရာဌာနက နိုင်ငံကူးလက်မှတ် ထုတ်မပေးရန် တင်ပြချက်လက်ခံရရှိခြင်း၊

(စ) နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနိုင်သည်ဟု ယူဆရသူဖြစ်ခြင်း၊

(ဆ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုထားပြီး သတ်မှတ်ကာလမပြည့်သေးသူ၊

(ဇ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးက ခံဝန်ချုပ် ချုပ်ထားသည့် ကာလမပြည့်သေးသူ၊

(ဈ) သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူဖြစ်ခြင်း။

၃၀။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်းကြောင့် အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူကို နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ကို ဆက်လက်အသုံးပြုရန် မသင့်လျော်လောက်အောင် ပျက်စီး သို့မဟုတ် ညစ်နွမ်းနေခြင်း။

၃၁။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းပြုပါက ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူထံ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည်။

၃၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် အကြောင်းကြားချက်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်ရောက်နိုင်သည်။

၃၃။ (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၃၂ အရ အယူခံလျှောက်ထားမှုကို စိစစ်ပြီး အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(၁) အယူခံလျှောက်ထားမှုကို ပလပ်ခြင်း၊

(၂) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်း။

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၃၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၃၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၆)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချက်အလက်အထောက်အထားများကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ မမှန်မကန်ဖော်ပြခြင်း၊ တင်ပြခြင်း မပြုရ၊

(ခ) တရားဝင်ကိုင်ဆောင်ခွင့်ရရှိသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုရ၊

(ဂ) အတု သို့မဟုတ် ဆင်တူယိုးမှား ပြုလုပ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လက်ဝယ်ထားခြင်း သို့မဟုတ် ကိုင်ဆောင်အသုံးပြုခြင်း မပြုရ၊

(ဃ) မိမိကိုင်ဆောင်ခွင့်မရှိသော မြန်မာနိုင်ငံကူးလက်မှတ်ကို မရိုးမဖြောင့်သော သဘောဖြင့် လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ၊

(င) မြန်မာနိုင်ငံကူးလက်မှတ်ကို အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း သို့မဟုတ် အတု သို့မဟုတ် ဆင်တူယိုးမှားပြုလုပ်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ရောင်းချခြင်း မပြုရ။

၃၆။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း မပြုရ၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း မပြုရ။

၃၇။ မည်သူမျှ -

(က) သက်တမ်းရှိနေသော သာမန်နိုင်ငံကူးလက်မှတ်ကို တစ်ခုထက်ပို၍ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရ။

(ခ) ပယ်ဖျက်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အသုံးမပြုရ။

၃၈။ မည်သူမျှ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်း မပြုရ။

## အခန်း(၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို-

(က) ပုဒ်မ ၃၅ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေဒဏ် သုံးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ငါးသိန်းကျပ်အထိ ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဃ) သို့မဟုတ် ပုဒ်မခွဲ(င)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ၁၀ သိန်းကျပ်မှ အများဆုံးငွေဒဏ် ကျပ် ၁၅ သိန်းအထိ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံးထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံးငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

၄၂။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း(၈)
## အထွေထွေ

၄၄။ ဤဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၄၀ ပါ ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၅။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

၄၇။ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ(The Myanmar Passport Act.,Act XXXIV,1920)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ လဟယ်-ဟွေထိုက်-ပုံညိုနောက်အင်းကြား ၂၀ မိုင်အနက် မြေသားလမ်း ၃ မိုင် အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာမှ ဒေသခံပြည်သူ ၇၆၂၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်အတွင်း ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး မတ် ၁၇**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် သက်ဆိုင်ရာဘာသာရပ်အသီးသီးကို ဖြေဆိုကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်အတွင်းရှိ စာစစ်ဌာနများသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ပြင်ဦးလွင်ခရိုင်အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (အလက-၁)၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်ပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် နောက်ဆုံးဘာသာရပ်ဖြစ်သော ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်များကို ကျောင်းသား၊ ကျောင်းသူများ၊ ကိုယ်အင်္ဂါမသန်စွမ်း၊ အမြင်အာရုံ မသန်စွမ်းနှင့် အကြားအာရုံမသန်စွမ်း ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုများအား လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသည့် စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆို၊ ပျက်ကွက်ဦးရေ၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှု၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာမေးပွဲဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်း၍ လုပ်ငန်းကိစ္စများနှင့်အဖြေလွှာများ ပြန်လည်အပ်နှံပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ရှိသူအဆင့်ဆင့်က လုံခြုံရေးအထူးသတိရှိစွာဖြင့် စနစ်တကျကြပ်မတ်ကာ အထူးဂရုပြုအလေးထားဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ စာမေးပွဲ ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ထောက်ပံ့ကိစ္စများဆောင်ရွက်ပေးနေကြသူများကို ရင်းနှီးစွာ နှုတ်ဆက်စကားများ ပြောကြားခဲ့သည်။

ယနေ့ မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲများ ဘာသာရပ်အလိုက် ဖြေဆိုမှုများအနေဖြင့် ၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ စာစစ်ဌာန (၁၀၈)ခုဖွင့်လှစ်ထားရှိပြီး ဇီဝဗေဒဘာသာရပ်တွင် ဖြေဆိုသူ ၂၇၂၈၉ ဦး၊ ဖြေဆိုမှု ၉၅ ဒသမ ၉၉ ရာခိုင်နှုန်း၊ ဘောဂဗေဒဘာသာရပ်တွင် ဖြေဆိုသူ ၁၈၁၂၄ ဦး၊ ဖြေဆိုမှု ၉၄ ဒသမ ၇၉ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန(၆)ခု ဖွင့်လှစ်ထားရှိပြီး စက်မှုအတတ်ပညာ(လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာ ထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာ)ဘာသာရပ်တွင် ဖြေဆိုသူ ၂၆၀ ဦး၊ ဖြေဆိုမှု ၉၉ ဒသမ ၂၄ရာခိုင်နှုန်း) စိုက်ပျိုးရေး(လူမှုရေးသိပ္ပံ)ဘာသာရပ်တွင် ဖြေဆိုသူ ၅၈ ဦး၊ ဖြေဆိုမှု(၁၀၀ရာခိုင်နှုန်း)၊ မွေးမြူရေး(စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေး) ဘာသာရပ်တွင် ဖြေဆိုသူ ၁၉ ဦး၊ ဖြေဆိုမှု (၁၀၀ရာခိုင်နှုန်း)ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူဦးရေ ၄၅၄၁၃ ဦး၊ ဖြေဆိုမှု (၉၅ ဒသမ ၅၁ ရာခိုင်နှုန်း) ရှိပြီး ကိုယ်အင်္ဂါမသန်စွမ်းသူ ငါးဦး၊ အမြင်အာရုံမသန်စွမ်းသူ နှစ်ဦး၊ အကြားအာရုံမသန်စွမ်းသူ တစ်ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်ရှိ စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၂၁ ဦးတို့ ပါဝင်ကြောင်း၊ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုသူ ၃၃၇ ဦး၊ ဖြေဆိုမှု (၉၉ ဒသမ ၄၁ ရာခိုင်နှုန်း)ရှိကြောင်းနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











## ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်တင်ပို့သည့်နိုင်ငံအဖြစ် တရုတ်နိုင်ငံ သုံးနှစ်ဆက်တိုက်ရပ်တည်ကာ ဈေးကွက်တိုးချဲ့



**ပေကျင်း မတ် ၁၇**

တရုတ်နိုင်ငံမှ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ပြည်ပဈေးကွက်များသို့ ယခင်ကထက် ပိုမိုတိုးချဲ့လျက်ရှိပြီး ယခုအခါ မော်တော်ယာဉ်များကို ပြည်ပသို့ တင်ပို့ရုံသာမကဘဲ လုပ်ငန်းနယ်ပယ်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။


တရုတ်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်း၏ ထုတ်ပြန်ချက်အရ ပြီးခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံသည် မော်တော်ယာဉ်အသစ် အစီးရေ ၇ ဒသမ ဝ၉ သန်း တင်ပို့ခဲ့ပြီး ယခင်နှစ်ထက် ၂၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်တင်ပို့သည့်နိုင်ငံအဖြစ် သုံးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့သည်။

တရုတ်နိုင်ငံထုတ် မော်တော်ယာဉ်များအနက် ချယ်ရီနှင့် ဘီဝိုင်ဒီကဲ့သို့သော ပြည်တွင်းအမှတ်တံဆိပ်များသာမက တယ်စလာ၊ ဖော့ဒ်၊ ဟွန်ဒေးနှင့် ရက်ဗရိုလက်ကဲ့သို့သော ကမ္ဘာ့အဆင့်မြင့်အမှတ်တံဆိပ်များကိုလည်း အရှေ့တောင်အာရှ၊ တောင်အမေရိက၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဈေးကွက်များအထိ တွေ့ရှိလာရသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်ကဏ္ဍကို အဓိကတွန်းအားပေးနေသည်မှာ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များဖြစ်ပြီး ပြီးခဲ့သည့်နှစ်တွင် အစီးရေ ၂ ဒသမ ၆၁ သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် နှစ်ဆမြင့်တက်ခဲ့ကာ စုစုပေါင်း ပို့ကုန်ပမာဏ၏ ၃၇ ရာခိုင်နှုန်းကျော်အထိရှိခဲ့ကြောင်း သိရသည်။

**Mon**

## အင်န်ဗစ်ဒီယာမျိုးဆက်သစ် ဉာဏ်ရည်တုချစ်ပ်ပြားများကို တောင်ကိုရီးယား ဆမ်ဆောင်းကုမ္ပဏီ ထုတ်လုပ်ပေးနေပြီ




**ဆိုးလ် မတ် ၁၇**

အင်န်ဗစ်ဒီယာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဂျန်ဆင်ဟွမ်က ၎င်းတို့၏ မျိုးဆက်သစ် ဉာဏ်ရည်တုချစ်ပ်ပြားများကို တောင်ကိုရီးယား ဆမ်ဆောင်းကုမ္ပဏီက ထုတ်လုပ်ပေးနေပြီဟု ပြောကြားပြီးနောက် မတ် ၁၇ ရက်တွင် ဆမ်ဆောင်းအီလက်ထရွန်နစ်၏ ရှယ်ယာဈေးနှုန်းများ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီနှစ်များအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ အရှုံးပေါ်ခဲ့သော ဆမ်ဆောင်း၏ ဆီမီးကွန်ဒတ်တာ ထုတ်လုပ်ရေးဌာနသည် လာမည့်နှစ်တွင် အရှုံးမှအမြတ်သို့ ပြန်လည် ဦးမော့လာနိုင်မည်ဟူသော မျှော်လင့်ချက်များကို ယခုသတင်းက မြှင့်တင်ပေးလိုက်ခြင်းဖြစ်ကြောင်း လေ့လာဆန်းစစ်သူများက သုံးသပ်ကြသည်။

အဆိုပါ ထုတ်လုပ်ရေးဌာနသည် တယ်စလာ၊ အက်ပဲလ်နှင့် ဆမ်ဆောင်းဖုန်းဌာနများအတွက် လော့ဂျစ်ချစ်ပ်ပြားများကို ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ တနင်္လာနေ့က ကျင်းပခဲ့သော အင်န်ဗစ်ဒီယာ၏ ဂျီတီစီနည်းပညာရှင်များဆိုင်ရာ ညီလာခံတွင် ချစ်ပ်ပြား နည်းပညာသစ် တီထွင်သည့် ဂရော့ခ်ကုမ္ပဏီ၏ နည်းပညာကို အခြေခံထားသော အင်န်ဗစ်ဒီယာ၏မျိုးဆက်သစ်ဉာဏ်ရည်တု ချစ်ပ်ပြားကို ဟွမ်ကမိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

**Mon**

## စိတ်ကျန်းမာရေး ကူညီမှုများအတွက် လိုအပ်ချက်မြင့်မားလာ၊ စင်ကာပူနိုင်ငံတွင် စိတ်ပညာရှင် ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

**စင်ကာပူ မတ် ၁၇**

စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် လိုအပ်ချက်မြင့်မားလာသည်နှင့်အမျှ စင်ကာပူနိုင်ငံတွင် စိတ်ပညာရှင် ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ကျွမ်းကျင်ပညာရှင်များအသင်း၏ ပြောကြားချက်အရ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုကဲ့သို့ လိုအပ်ချက်နှင့် ထောက်ပံ့ပေးနိုင်မှုအကြား ကွာဟချက်ဖြစ်ပေါ်လာရခြင်းမှာ မကြာသေးမီနှစ်များအတွင်း စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် သိရှိနားလည်မှု ပိုမိုမြင့်မားလာခြင်းနှင့် ကျွမ်းကျင်သူများထံမှ အကူအညီရယူလိုသူ အရေအတွက် တိုးတက်လာခြင်းတို့ကြောင့် ဖြစ်သည်။

သို့ရာတွင် စိတ်ပညာရှင်အသစ်များကို လေ့ကျင့်သင်ကြားပေးခြင်းမှာ လျင်မြန်စွာဖြေရှင်းနိုင်သည့် ကိစ္စရပ်တစ်ခုမဟုတ်ကြောင်း လေ့လာစောင့်ကြည့်သူများက သုံးသပ်ကြသည်။

အရည်အချင်းပြည့်မီရန် လိုအပ်သော သင်တန်းကာလ ကြာမြင့်ခြင်းနှင့် ပြည်တွင်း၌ လေ့ကျင့်သင်ကြားပေးနိုင်သည့် လမ်းကြောင်းများ ကန့်သတ်ချက်ရှိနေခြင်းတို့မှာ လုပ်သားအင်အားတိုးချဲ့ရာတွင် အဓိကစိန်ခေါ်မှုများအဖြစ် တည်ရှိနေကြောင်း သိရသည်။

**Mon**




## အိန္ဒိယကုန်သွယ်ရေယာဉ်များ ဘေးကင်းစွာ သွားလာရေး အီရန်နှင့် ဆွေးနွေးမှုများ အလားအလာကောင်းသည်ဟု ဆို



**ဒေလီ မတ် ၁၇**

ဟော်မုဇ်ရေလက်ကြားအတွင်း အိန္ဒိယကုန်သွယ်ရေယာဉ်များ သွားလာရာ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို လျှော့ချနိုင်ရန် အီရန်နိုင်ငံနှင့် ဆွေးနွေးမှုများ အလားအလာကောင်းသည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျေရှန်ကာက ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိအနေဖြင့် လက်ရှိတွင် အီရန်ဘက်နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး ထိုသို့ဆွေးနွေးမှုများကြောင့် ရလဒ်အချို့ ထွက်ပေါ်လာပြီဖြစ်ကြောင်း ၎င်းက ဖိုင်နင်ရှယ်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

သို့ရာတွင် အရေးပါသော ရေနံတင်ပို့ရာ လမ်းကြောင်းဖြစ်သည့် အဆိုပါ ရေလက်ကြားကျဉ်းလေးအတွင်း အိန္ဒိယသင်္ဘောများအားလုံး ဖြတ်သန်းသွားလာနိုင်ရန်အတွက် ခြုံငုံသော သဘောတူညီချက်မျိုး မရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိန္ဒိယအစိုးရနှင့် အီရန်အစိုးရတို့အကြား ဆွေးနွေးမှုများ တိုးတက်လာပြီးနောက် စနေနေ့တွင် အိန္ဒိယအလံလွှင့်ထူထားသော ဓာတ်ငွေ့တင်သင်္ဘော နှစ်စင်းသည် အဆိုပါရေလက်ကြားကို ဖြတ်သန်းသွားခဲ့သည်။ အိန္ဒိယအလံလွှင့်ထူထားသော သင်္ဘော ၂၂ စင်းမှာမူ ထိုရေကြောင်းလမ်းကို ဖြတ်သန်းခွင့်ရရန် စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

ဝ-ဝ-ဝ-ဝ-ဝ

## ဘောလုံးသမားများ၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ကမ္ဘာ့ဖလားပွဲစဉ်များ မက္ကဆီကိုသို့ ပြောင်းရွှေ့ရေး အီရန် ဆွေးနွေး

**တီဟီရန် မတ် ၁၇**

အီရန်ဘောလုံးအဖွဲ့ချုပ်သည် မိမိတို့ဘောလုံးသမားများ၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ကမ္ဘာ့ဖလားပွဲစဉ်များကို အမေရိကန်ပြည်ထောင်စုမှ မက္ကဆီကိုနိုင်ငံသို့ ပြောင်းရွှေ့ကျင်းပရန် ဖီဖာနှင့် ဆွေးနွေးလျက်ရှိသည်ဟု အီရန် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မက်ဒီတာ့ဂျ်က ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီရန်အသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်းကို ကြိုဆိုသော်လည်း ၎င်းတို့၏အသက်အန္တရာယ်နှင့် လုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စု၌ ကစားရန် မသင့်လျော်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ယခင်အပတ်က အရိပ်အမြွက် ပြောကြားသည်။

အီရန်အမျိုးသားအသင်း၏ လုံခြုံရေးကို အာမမခံနိုင်ကြောင်း ထရမ့်က အတိအလင်း ပြောဆိုထားသည့်အတွက် မိမိတို့အနေဖြင့် အမေရိကန်သို့ သွားရောက်မည်မဟုတ်ကြောင်း မက္ကဆီကိုနိုင်ငံရှိ အီရန်သံရုံး၏ အိတ်ခ်စ်လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် တာ့ဂျ်က ပြောဆိုသည်။

ထို့ကြောင့် အီရန်အသင်း၏ ကမ္ဘာ့ဖလားပွဲစဉ်များကို မက္ကဆီကိုနိုင်ငံတွင် ကျင်းပနိုင်ရန် ဖီဖာနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Mon**



## ကျောင်းသားများ၏ ကျန်းမာရေးနှင့် သာယာဝပြောရေးအတွက် တရုတ်နိုင်ငံတွင် အရှိန်အဟုန်မြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိ

**ပေကျင်း မတ် ၁၇**

တရုတ်နိုင်ငံသည် အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ (၂၀၂၆-၂၀၃၀) (၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်းနှင့်အညီ ကျောင်းသားများ၏ ကျန်းမာရေးနှင့် သာယာဝပြောရေးကို ဦးစားပေးသည့် တစ်နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါစီမံကိန်းတွင် ကြံ့ခိုင်သန်စွမ်းသော ကိုယ်ကာယတိုးတက်မှုဆိုင်ရာ လှုပ်ရှားမှုများမှတစ်ဆင့် ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် အဆိုပြုထားသည်။

အားကစားပြုလုပ်ရန် နေရာလပ်များ တိုးချဲ့ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ချိန်ကို အာမခံချက်ပေးခြင်း၊ မူဝါဒဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုများ အားကောင်းစေခြင်းနှင့် ကျောင်း၏ စီမံခန့်ခွဲမှုစနစ်တွင် ကျန်းမာရေးကဏ္ဍကို ထည့်သွင်းခြင်းဖြင့် တရုတ်နိုင်ငံသည် အခြေခံပညာရေးစနစ်ကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုနေခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ယခင်က လွှမ်းမိုးခဲ့သော အမှတ်ကို ပထမဦးစားပေးသည့် အတွေးအခေါ်နေရာတွင် ကိုယ်ကာယကြံ့ခိုင်ပြီး စိတ်ဓာတ်တက်ကြွကာ လူမှုဆက်ဆံရေး ပြည့်စုံသည့် လူငယ်များကို ပြုစုပျိုးထောင်ပေးမည့် ကျန်းမာရေးကို ပထမဦးစားပေးသည့် အတွေးအခေါ်ဖြင့် အစားထိုး လုပ်ဆောင်နေသည်။

မိသားစုများ၊ ကျောင်းများနှင့် လူ့အဖွဲ့အစည်းအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းသားတိုင်း ရှင်သန်ဖွံ့ဖြိုးမှုကို အမှန်တကယ် အထောက်အကူပြုနိုင်သော ပိုမိုကျန်းမာ၍ ရေရှည်တည်တံ့သည့် ပညာရေးစနစ်ကို တရုတ်နိုင်ငံက တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

**မကွေး မတ် ၁၇**

မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက်ရည်ရွယ်၍ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ၊ လျှပ်စစ်မီးလောင်မှုအကြောင်းနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် 191 Report Mobile Application အသုံးပြုနည်း၊ ဂက်(စ်)အိုး မီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ Dry Chemical Powder(DCP) မီးသတ်ဆေးဘူးဖြင့် စနစ်တကျ လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြခဲ့ပြီး ဝန်ထမ်းများက ကိုယ်တိုင် လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသည် သားဖွားမီးယပ်နှင့် မွေးကင်းစကလေးကုသဆောင်ရှိ မီးဘေးလုံခြုံရေးစနစ်များနှင့် ငါးထပ်ဆောင်ရှိ မီးဘေးလုံခြုံရေးစနစ်များကို စမ်းသပ်စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို အကြံပြုမှာကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများ၊ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ



## မီးကြွင်းမီးကျန်မှတစ်ဆင့် အဆောက်အအုံ ငါးလုံး မီးလောင်မှုဖြစ်ပွား

**ညောင်ဦး ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာတွင် မတ် ၁၆ ရက် ည ၈ နာရီခန့်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံ ငါးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၆ ရက် ည ၈ နာရီ ၂ မိနစ်ခန့်က ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာနေ ဒေါ်ခင်ပို ပိုင်ဆိုင်သော အကျယ်အဝန်း ပေ၂၀×၃၀ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း မြေစိုက်လူနေအိမ်တွင် ၎င်း၏ သားဖြစ်သူ ဦးတင်ထွဋ်ဝင်း (လက်သမားလုပ်ကိုင်သူ)သည် ထင်းမီးဖြင့် ထမင်းချက်ပြုတ်ပြီး မီးငြိမ်းသတ်ခြင်းမပြုဘဲ ထားခဲ့ရာ မီးဖိုမီးကြွင်းမီးကျန်မှစတင်၍ ထရံအကာသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ မီးလောင်မှုအား ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်သော ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် သွားရောက်ပြီး ပိုင်းဝန်းပူးပေါင်းငြိမ်းသတ်ရာ ည ၈ နာရီ ၂၂ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ကုန်းတန်းကြီးကျေးရွာ ဒေါ်ခင်ပို ပိုင်ဆိုင်သော ပေ ၂၀×၃၀သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း၊ မြေစိုက်လူနေအိမ် တစ်လုံးနှင့် လျှပ်စစ်မီတာ တစ်လုံး၊ အနီးရှိ ဒေါ်မြဝင်း ပိုင်ဆိုင်သော ပေ၂၀×၁၅ပေ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း နှစ်ထပ်လူနေအိမ် တစ်လုံး၊ ၁၀×၁၅ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ် ဂိုထောင် တစ်လုံး၊ ၁၀×၁၅ ပေ ထန်းလက်မိုး၊ အကာမပါ နွားတင်းကုတ် တစ်လုံးနှင့် လျှပ်စစ်မီတာ တစ်လုံး၊ ဦးတင်ထွဋ်ဝင်း ပိုင်ဆိုင်သော ၁၅ပေ×ပေ၂၀ သွပ်မိုး၊ ထရံကာ မြေစိုက်လူနေအိမ် တစ်လုံးတို့ မီးလောင်ကျွမ်းခဲ့ပြီး အခြား လူနှင့် တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်စေခဲ့သူ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာနေသူ ဦးတင်ထွဋ်ဝင်း(လက်သမားလုပ်ကိုင်သူ)ဆိုသူအား ညောင်ဦးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၄၄၅)**

ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စစ်ကိုင်းမြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**စစ်ကိုင်း မတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ စစ်ကိုင်းမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် မရွှေစင်ဦး သယ်ဆောင်လာသည့် လက်ဆွဲခြင်းများအတွင်းမှ ဘိန်းစိမ်း အလေးချိန် ၂၁ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မရွှေစင်ဦး(၂၂)နှစ် ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရွှေညောင် မတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ မင်္ဂလာအောင်မြေ ရပ်ကွက်၊ ပေါက်ကျဲလမ်းနေ ကျော်ဝင်းနိုင် ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲက မစုစုစံအား ၎င်းနေထိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်ကြီး(၁၀)၊ သပြေလမ်းရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဝင်းနိုင်(၃၅)နှစ်နှင့် မစုစုစံ(၂၅)နှစ် ဆိုသူတို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။





**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဒီဇယ်ဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**ဘီးလင်း မတ် ၁၇**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၌ ဒီဇယ်ဆီများ တရားမဝင် သယ်ဆောင်လာသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၃ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဘိုးလှကြီးရပ်ကွက်၊ သကြားစက်လမ်းဆုံ၌ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် သထုံမြို့မှ ဘီးလင်းမြို့ဘက်သို့ အဆိုပါရပ်ကွက်နေ ဦးအောင်ဖြိုးခိုင်(၃၇)နှစ် ဆိုသူ မောင်းနှင်လာသော MITSUBISHI CANTER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်ပေါ်တွင် ဒီဇယ်ပီပါ ၁၅ လုံး၊ ဂါလန် ၇၅၀ ခန့်အား တရားမဝင် သယ်ဆောင်လာသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်ဖြိုးခိုင် ဆိုသူအား ဘီးလင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**သာစည် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး တစ်ဦးသေဆုံးကာ အမျိုးသား တစ်ဦးနှင့် ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၁၄ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၃၅ မိုင်နှင့် ၁ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သာစည်မြို့နယ်၊ ပေသုံးဆယ်ရပ်ကွက်နေ ကိုကျော်ရှိန်း(၂၇)နှစ် ဆိုသူမောင်းနှင်ပြီး ဇနီးဖြစ်သူ မရတနာစိုး(၂၃)နှစ်နှင့် သားဖြစ်သူ မောင်ရှိုင်းထက်ကို ငါးနှစ်တို့ လိုက်ပါလာသည့် SHAYAN-125 ဆိုင်ကယ်သည် ညောင်ပင်သာ(တောင်)ရပ်ကွက်မှ ပေသုံးဆယ်ရပ်ကွက်ဘက်သို့ ပြန်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ၎င်း၏အနောက်မှ တစ်ရပ်ကွက်တည်းနေ ကိုထွေး(ခ)မင်းအောင်(ခ)ရှိုင်းလင်းအောင်(၂၄)နှစ်ဆိုသူ မောင်းနှင်လာသည့် နံပါတ်မပါ FAW မော်တော်ယာဉ်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် မရတနာစိုးတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ကိုကျော်ရှိန်းနှင့် မောင်ရှိုင်းထက်ကိုတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကိုထွေး(ခ)မင်းအောင်(ခ)ရှိုင်းလင်းအောင် ဆိုသူအား ယင်းမာပင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အသုံးဝင် တန်ဖိုးနည်း မြန်မာ့တိုင်းရင်းဆေးနည်းကောင်းများ

မြန်မာတိုင်းရင်းသားလူမျိုးများဟာ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ကိုယ့်စားသောက်မှုပုံစံ၊ ကိုယ့်ကျန်းမာရေးကို ကိုယ့်တိုင်းရင်းဆေးကုထုံးနည်းများနှင့်သာ ရှေးခေတ်ဘုရင်များ လက်ထက်ကတည်းက ရပ်တည်ခဲ့ကြသူများ ဖြစ်ပါသည်။ ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အထိ ဘကြီးတော်ဘုရားလက်ထက်၊ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲမှာ မြန်မာတွေစစ်ရှုံးလို့ ရခိုင်နဲ့ တနင်္သာရီကို အင်္ဂလိပ်တွေ အုပ်ချုပ်နေပေမယ့် ကျန်းမာရေးစောင့်ရှောက်မှုဟာ မြန်မာ့တိုင်းရင်းဆေးနည်းနဲ့သာ ကုသစောင့်ရှောက်ခဲ့ကြတယ်လို့ သိရပါတယ်။ ၁၈၅၂ ခုနှစ်မှ ၁၈၅၃ ခုနှစ်အထိ ပုဂံမင်းလက်ထက် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲမှာလည်း မြန်မာတွေစစ်ရှုံးလို့ ရန်ကုန်၊ ပဲခူး အပါအဝင် မြန်မာပြည်အလယ်ပိုင်း သရက်နှင့် မြေထဲမြို့(အောင်လံမြို့)အထိ အင်္ဂလိပ်တွေ အုပ်ချုပ်ခဲ့ပေမယ့် အနောက်တိုင်းဆေးလို့ခေါ်တဲ့(ထိုးဆေးနဲ့ စားဆေးပြား)တွေဟာ အသုံးမတွင်ကျယ်သေးပါဘူး။

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊(၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ၊ ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီ ၁ရက်အထိ မြန်မာတစ်နိုင်ငံလုံး အသိမ်းခံခဲ့ရပေမယ့် မြန်မာတိုင်းရင်းသားတွေဟာ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ့်စားသောက်မှုပုံစံ၊ ကိုယ့်ကျန်းမာရေးကို ကိုယ့်တိုင်းရင်းဆေးကုထုံးနည်းများနဲ့သာ အသုံးပြုနေထိုင်လာခဲ့ကြတာဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ်မှာ ပလိပ်ရောဂါဖြစ်တော့ ပလိပ်ရောဂါကာကွယ်ဆေးကို အထိုးမခံခဲ့တာ သောက်ရေတွင်းထဲမှာ ပလိပ်ရောဂါကာကွယ်ဆေး အထည့်မခံခဲ့တာတွေ ရှိခဲ့တယ်လို့ ပလိပ်အရာရှိတစ်ဦးရဲ့ ဆောင်းပါးကို ဖတ်ခဲ့ရဖူးပါတယ်။ တချို့မျိုးချစ်ပုဂ္ဂိုလ်တွေဟာ လိပ်ဆိုရင် လိပ်သားတောင် မစားဘူးဟော့ဆိုတဲ့ ရေစကြိုမြို့က သစ်စက်ပိုင် "မြန်မာလူမျိုး ဦးချို" လို ပုဂ္ဂိုလ်တွေရှိခဲ့ဖူးတာပေါ့။ အနောက်တိုင်းဆေး(ထိုးဆေးနဲ့စားဆေးပြား)စပြီး လက်ခံခဲ့တာကတော့ အထက်တန်းလွှာများ၊ အစိုးရဝန်ထမ်းများ၊ ခေတ်ပညာတတ်မြန်မာတိုင်းရင်းသားလူမျိုး အနည်းငယ်လောက်ပါပဲ။ ဒါပေမဲ့ ၂၀ ရာစုခေတ်နှောင်းပိုင်းရောက်လာတော့ တော်လှန်ရေးကောင်စီခေတ်၊ မဆလ အစိုးရခေတ်လောက်ကစပြီးတော့ ကျေးလက်တွေမှာလည်း ခေတ်ပညာတတ်တွေများလာတယ်။ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန စသဖြင့်ပေါ်ပေါက်ပေါများလာတော့ အနောက်တိုင်းဆေး(ထိုးဆေးနဲ့ စားဆေး)ဟာ အခုဆိုရင် တစ်နိုင်ငံလုံးအနှံ့လို့ဆိုကြပါစို့။ သူတို့ အနောက်တိုင်းဆေးရဲ့ အဓိကအားသာချက်က အသုံးပြုရတာလွယ်ကူတာကိုးဗျ။ ဒါပေမဲ့ အခုပုဂ္ဂလိကဆေးရုံတွေ ပေါ်ပေါက်လာတော့ ဝန်ဆောင်မှုစရိတ်တွေကို ဆင်းရဲသားတွေက မတတ်နိုင်တော့ဘူးလေ။ မြန်မာ့တိုင်းရင်းဆေး ထုတ်လုပ်မှုကလည်း အဆင့်မီလာတယ်။ ထို့အပြင် တိုင်းရင်းဆေးတက္ကသိုလ်တွေ ပေါ်လာတယ်။တိုင်းရင်းဆေးကိုလည်း လေ့လာသူများလာတယ်။ ဝန်ဆောင်မှုစရိတ်ကလည်း ပြောစရာမလိုအောင် ကွာဟတာပေါ့နော်။ ကဲ…စကြပါစို့ဗျာ။

**အမှတ်စဉ်(၁) ဂေါက်ရောဂါ(သို့မဟုတ်)လေးဖက်နာရောဂါ**

**ဆေးနည်း(၁)။** အိမ်ကြက်ဥ အကာရည်ကို ခွေးတောက်ရွက်နဲ့ ကြော်စားရပါမယ်။ (CP) စီပီကြက်ဥကို မသုံးရပါ။ ကြက်ဥထဲက အဝါရောင်အနှစ်ခဲတွေကိုမထည့်ပါနဲ့။ ကြက်နက်မဥဆိုရင် ပိုကောင်းပါတယ်။

**ဆေးနည်း(၂)။** လက်ဖက်အစိုနှင့် ကျောက်ချဉ်မှုန့်ကို ရောနယ်ပြီး လိမ်းပေး၊ အုံပေးရပါမယ်။ ညစာထမင်းမစားဘဲ နေနိုင်ရင်တော့ ပိုကောင်းပါတယ်။ ညအိပ်ရာဝင်မှအုံပေး၊ လိမ်းပေးရင် ရပါတယ်။

**ဆေးနည်း(၃)။** ဒန့်သလွန်ရွက်ကိုခူး ရေစင်အောင်ဆေး၊ နေရိပ်မှာ အခြောက်လှန်း၊ အမှုန့်ထောင်း၊ ရေကျက်အေးနဲ့ ဒန့်သလွန်မှုန့် ကော်ဖီဇွန်း တစ်ဇွန်းစာရောမွှေပြီး နံနက်တစ်ကြိမ် ညအိပ်ရာဝင် တစ်ကြိမ် တစ်နေ့နှစ်ကြိမ် ခုနစ်ရက် သောက်ရင်ပျောက်ပါတယ်။ ခက်ခဲနေပါက အသင့်ပြုလုပ်ပြီး ဒန့်သလွန်ရွက်ခြောက်မှုန့်တွေ ရောင်းချနေတာရှိပါတယ်။ မှာယူဝယ်နိုင်ပါတယ်။

**မှတ်ချက်။** ဒန့်သလွန်ရွက်ခြောက်မှုန့်ဟာ ဂေါက်(သို့မဟုတ်) လေးဖက်နာရောဂါသာမက သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါ၊ မူးဝေအော့အန်ရောဂါတွေပါ ပျောက်ပါတယ်။ နှပ်ဆေးနဲ့ကွမ်းစားများရင်လည်း ကျောက်ကပ်ထိခိုက်နိုင်ပါတယ်။ ဒန့်သလွန်ရွက်ခြောက်မှုန့်ဟာ ယူရစ်အက်စစ်တွေကိုလည်း ဖယ်ရှားပေးနိုင်ပါတယ်။ ဂေါက်(သို့မဟုတ်) လေးဖက်နာရောဂါသည်များ ရှောင်ရမှာက မြေအောင်းစာဖြစ်တဲ့ မြေပဲ၊ ပဲစိမ်းစားဥ၊ အင်ဥ၊ မြေဥ၊ စားတော်ပဲ၊ မြေထောက်ပဲ၊ ကန်စွန်းဥ၊ မျောက်ဥ၊ ထန်းပင်မြစ်ဖုတ်၊ သင်းတောက်ဥ စသည်တို့နဲ့ ဖျော်ရည်မျိုးစုံတို့ ဖြစ်ပါတယ်။

**ဂေါက်(သို့မဟုတ်)လေးဖက်နာရောဂါ(၄)မျိုး**

၁။ အရေပြားလေးဖက်နာ ၂။ သွေးလေးဖက်နာ ၃။ အကြောလေးဖက်နာ ၄။ အရိုးလေးဖက်နာတို့ဖြစ်ပါတယ်။ ကိုယ့်ရောဂါဟာ ဘယ်နံပါတ်မှာ ပါတယ်ဆိုတာကို ဆန်းစစ်ကြည့်ကြပါတော့။

**အမှတ်စဉ်(၂) ဒူးနာ၊ ခါးနာ၊ ခြေဆစ်၊ လက်ဆစ်နာရောဂါ**

**ဆေးနည်း(၁)။** ကျောင်းသုံးမြေဖြူ နှစ်ချောင်းနဲ့ ချင်းတက်(ဂျင်းတက်)အစို တစ်တက်အနေတော်ကို ငရုတ်ဆုံမှာရောထောင်းရမယ်။ အဲ့ဒီဆေးကို ဒူးနာ၊ ခါးနာ၊ ခြေဆစ်၊ လက်ဆစ်နာတဲ့နေရာတွေကို လိမ်းအုံထားပြီး ပတ်တီးစည်း(သို့မဟုတ်)ပလတ်စတာနဲ့ ကပ်ထားရမယ်၊ ညအိပ်ရာဝင် ငါးရက်လုပ်ပါ ပျောက်ပါတယ်။

**ဆေးနည်း(၂)။** ကျောက်ချဉ်နဲ့ လက်ဖက်အစိုကို ဆတူရောထောင်းပြီး နာတဲ့နေရာကို အုံထားပါ၊ ပတ်တီးစည်း(သို့မဟုတ်)ပလတ်စတာကပ်ထားရပါမယ်။ ညအိပ်ရာဝင် ငါးရက်လုပ်ပါ ပျောက်ပါတယ်။

**မှတ်ချက်။** ရှစ်နှစ်၊ ၁၀ နှစ်ကြာတဲ့ ဒူးနာ၊ ခါးနာတောင် ပျောက်ပါတယ်။

**အမှတ်စဉ်(၃) ကင်ဆာရောဂါပျောက်တဲ့ဆေး**

ပျဉ်းမဖြူအမြစ်ကို ရေစင်အောင်ဆေးရမယ်။ ဆန်ဆေးရေ ဒုတိယအကြိမ်ခံထားတဲ့အရည်နဲ့ ကျောက်ပျဉ်မှာ ပျစ်ပျစ်ကလေးရအောင်သွေးရမယ်။ အဲ့ဒီအရည်ပျစ်ပျစ်လေးကို ထမင်းစား စတီးလ်ဇွန်းနဲ့ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်သောက်နှစ်ဇွန်းနှုန်း ထမင်းစားချိန်နဲ့ ၄၅ မိနစ်လောက် ခွာပြီးသောက် ၁၅ ရက်လောက် ပုံမှန်သောက်ရင် ပျောက်ပါတယ်။

**အမှတ်စဉ်(၄)ကင်ဆာအပါအဝင်အဖုအကျိတ်နဲ့ဩဇာသီးခြောက်**

ဩဇာသီးခြောက်ဟာ တန်ဖိုးမထားကြပေမယ့် အလွန်အစွမ်းထက်လှပါတယ်။ ကင်ဆာအကျိတ်အပါအဝင် အဖုအကျိတ်မှန်သမျှ ဩဇာသီးခြောက်ကို ကျောက်ပျဉ်မှာ ဆားအနည်းအငယ်ထည့်ပြီး သွေးရမယ်။ သွေးလို့ရတဲ့ အရည်အပျစ်ပျစ်ကို အဖုအကျိတ်ရှိတဲ့နေရာကို ညအိပ်ရာဝင်မှာလိမ်းပါ၊ ငါးညလိမ်းရုံနဲ့ပျောက်ပါတယ်။ အင်္ဂလိပ်ဆေး (နိုင်ငံခြားဆေး)တွေတောင်မှ ကင်ဆာဆဲလ်ကို မချေဖျက်နိုင်ပေမယ့် ပျဉ်းမဖြူမြစ်နဲ့ဩဇာသီးခြောက်ကတော့ ကင်ဆာဆဲလ်ကို အမြစ်ပြတ်အောင် တာဝန်ယူပါတယ်။ စမ်းသပ်ပြီးသားပါ။ ရဲရဲသာ သုံးကြည့်လိုက်ပါ။

**အမှတ်စဉ်(၅) ဆီးချိုရောဂါနဲ့ သပွတ်ခါးစေ့**

**ဆေးနည်း(၁)။** ဓာတ်ဘူးရောင်းတဲ့ဆိုင်တွေမှာ သပွတ်ခါးစေ့ထုတ်ပြီးသား သပွတ်ခါးသီးခြောက်ကို အခွံခွာပြီး ဓာတ်ဘူးအဆို့မှာ လက်ဖက်ခြောက်စစ်ဖို့လောက် အသုံးပြုဖို့သာ သိကြတယ်ဗျ။ ပြောရဦးမယ်။ ဆီးချိုရောဂါကိုလည်း သူဌေးရောဂါတဲ့။ ရာသက်ပန်ဆေးထိုး၊ ဆေးစားနေရမှာ ရှင်းရှင်းမပျောက်ဘူးတဲ့ဗျ၊ ကဲ…လာပြီ။ ဆီးချိုရောဂါရှိသူတွေ သေချာမှတ်နော်၊ သပွတ်ခါးသီးအခြောက်ကို ရအောင်ရှာ အစေ့ကိုထုတ်၊ ဆီးချိုကို အရင်တိုင်းထား၊ သပွတ်ခါးစေ့ကို အခွံခွာပြီး သုံးစေ့လောက် ဝါးစားလိုက်မယ်။ ဝါးစားပြီး ငါးနာရီလောက်ကြာတော့ ဆီးချိုထပ်တိုင်းမယ်။ ဆီးချိုသိသိသာသာ ကျသွားတာတွေ့ရမယ်။ သပွတ်ခါးစေ့ကို အခွံခွာပြီး ညအိပ်ရာဝင် တစ်ည နှစ်စေ့နှုန်းနဲ့ ငါးည၊ ခုနစ်ညလောက် ဆက်စားပြီး ဆီးချိုတိုင်းကြည့်ရင် ရောဂါပျောက်ကင်းသွားတာကို တွေ့ရပါလိမ့်မယ်။

**ဆေးနည်း-၂။** တကယ်လို့ ဆီးချိုသိပ်တက်ပြီး ရောဂါကြီးနေတယ်ဆိုရင် သပွတ်ခါးသီးစိမ်း ၂၅ လုံးကို ဓားနဲ့ နုပ်နုပ်စဉ်းပြီး မြေအိုး(သို့မဟုတ်)ပလတ်စတစ်ပုံးနဲ့ ရေစိမ်ထားရမယ်။ ငါးရက်လောက်ပေါ့။ အဲ့ဒီနောက် တောအရက်ချက်တဲ့နည်းအတိုင်း ပေါင်းခံချက်ရမယ်။ ရတဲ့အငွေ့ရည်ကို ပုလင်းလုံလုံနဲ့သိမ်းထားရမယ်။ နံနက်အိပ်ရာထ ဟင်းရည်သောက်ဇွန်းနဲ့ တစ်ဇွန်းသောက်ပြီးမှ အစာစားပါ။ ညမအိပ်ခင် တစ်ဇွန်းသောက်ပြီးမှ အစာစားပါ။ တစ်လလောက်သောက်ပြီး ဆီးချိုတိုင်းကြည့်ပါ၊ ပျောက်ကင်းနေတာ တွေ့ရလိမ့်မယ်။

**မှတ်ချက်။** အထက်ပါနည်း နှစ်နည်းအတိုင်း ဆေးခါးကြီးရွက် တစ်ပိဿာလောက်ကို ပလတ်စတစ်ပုံးနဲ့ ရေငါးရက်လောက်စိမ် ပေါင်းခံသောက်သုံးနိုင်ပါတယ်။ မန္တလေးတောင်မှာ ဆေးခါးကြီးပင်တွေ ရှိပါတယ်။

**မေတ္တာရပ်ခံချက်။ လက်တွေ့သုံးကြည့်လို့ ရောဂါပျောက်ကင်းတယ်ဆိုရင် တစ်ဆင့်ကုသိုလ်ယူပါ။**

တိုင်းရင်းဆေးဆောင်းပါးများကို ဆက်လက်ကုသိုလ်ယူ ရေးသားနေမယ့် ….

အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)

## အိန္ဒိယနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန် ပူးပေါင်းကြံစည်မှုဖြင့် ယူကရိန်းနိုင်ငံသား ခြောက်ဦးနှင့် အမေရိကန်နိုင်ငံသား တစ်ဦးတို့အား အိန္ဒိယနိုင်ငံ အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ (NIA)မှ ဖမ်းဆီးထိန်းသိမ်း




နယူးဒေလီ မတ် ၁၇

အိန္ဒိယနိုင်ငံ၊ အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ National Investigation Agency (NIA) သည် အိန္ဒိယနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပူးပေါင်းကြံစည်မှု စွပ်စွဲချက်ဖြင့် နိုင်ငံခြားသား ခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းမှုတွင် ယူကရိန်းနိုင်ငံသား ခြောက်ဦးနှင့် အမေရိကန်နိုင်ငံသား တစ်ဦးတို့ပါဝင်ပြီး ဖမ်းဆီးမှုများကို Delhi ၊ Kolkata နှင့် Lucknow တို့ရှိ လေဆိပ်များတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးချက်များအရ အဆိုပါနိုင်ငံခြားသားများသည် အိန္ဒိယနိုင်ငံသို့ တရားဝင်ဗီဇာဖြင့် ဝင်ရောက်လာခြင်းဖြစ်သော်လည်း တားမြစ်နယ်မြေဖြစ်သည့် Mizoram ပြည်နယ်သို့ ခွင့်ပြုမိန့်မပါဘဲ သွားရောက်ကာ ထိုမှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ ဖြတ်ကျော်ခဲ့ပြီး အိန္ဒိယနိုင်ငံကို ဆန့်ကျင်လျက်ရှိသည့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ခဲ့ကြောင်း၊ ဥရောပမှ ဒရုန်းများကို တင်သွင်းကာ လက်နက်ကိုင်အဖွဲ့များထံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ဒေလီမြို့ရှိ ရာဇဝတ်ရုံးမှ အဆိုပါ ဖမ်းဆီးခံရသူများကို မတ် ၂၇ ရက်အထိ ထိန်းသိမ်းထားရှိရန် အမိန့်ချမှတ်ခဲ့ပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း Indian Express သတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ သတင်းစဉ်




## 2026 BNP Paribas Open အမျိုးသား တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jannik Sinner ဆွတ်ခူး



**မိုင်ယာမီ မတ် ၁၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမား Jannik Sinner က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev အား ၇-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ Jannik Sinner က "ကျွန်တော် အခုလို 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင်၊ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်အောင်လည်း ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## 2026 BNP Paribas Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Aryna Sabalenka ဆွတ်ခူး

**မိုင်ယာမီ မတ် ၁၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘီလာရုတင်းနစ်မယ် Aryna Sabalenka က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ကာဇက်စတန် တင်းနစ်မယ် Elena Rybakina အား ၃-၆၊ ၆-၃၊ ၇-၆ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၇)နှစ်အရွယ်ရှိ Aryna Sabalenka က "ကျွန်မ 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါပြီ။ ကျွန်မကို တစ်ခဲနက်အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## အက်ရှ်လေကိုးလ်အား နည်းပြသစ်အဖြစ် စီဆီနာအသင်းခန့်အပ်

**တူရင် မတ် ၁၇**

စီးရီးဘီကလပ် စီဆီနာအသင်းသည် အသင်းနည်းပြသစ်အဖြစ် အက်ရှ်လေကိုးလ်အား ရာသီကုန်အထိခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အက်ရှ်လေကိုးလ်သည် ၂၀၁၉ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် နည်းပြဘဝသို့ ကူးပြောင်းခဲ့သော်လည်း နည်းပြအဖွဲ့ဝင်၊ လက်ထောက်နည်းပြအဖြစ်သာ ဆောင်ရွက်ခဲ့ပြီး ယခုမှသာ နည်းပြအဖြစ် စတင်ဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

စီဆီနာအသင်းကလည်း အက်ရှ်လေကိုးလ်က အသင်းအား အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၅)နှစ်အရွယ်ရှိ အက်ရှ်လေကိုးလ်က "ကျွန်တော် အခုလို နည်းပြသစ်အဖြစ် ဆောင်ရွက်ခွင့်ရမယ်ဆိုတော့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ရာယန်မက်ဆီအား ခေါ်ယူရန် ချဲလ်ဆီးအသင်း အလျင်အမြန်စီစဉ်

**လန်ဒန် မတ် ၁၇**

ချဲလ်ဆီးအသင်းသည် စထရာဘော့စ်အသင်း တောင်ပံကစားသမား ရာယန်မက်ဆီအား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် စထရာဘော့စ်အသင်းမှ ဆော်ဒီပရိုလိဂ်ကလပ် Neom အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ခြေစွမ်းပြထားသလို အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် အလျင်အမြန် စီစဉ်လာခြင်းဖြစ်သည်။



စထရာဘော့စ်အသင်းကလည်း ရာယန်မက်ဆီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် စထရာဘော့စ်အသင်းထံမှ ရာယန်မက်ဆီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ပရီးမီးယားလိဂ်တွင် ဂိုးပါဝင်ပတ်သက်မှု (၁၀၀)ပြည့်မြောက်သည့် တတိယမြောက် ဘရာဇီးကစားသမားအဖြစ် ရစ်ချာလီဆန် မှတ်တမ်းဝင်



**လန်ဒန် မတ် ၁၇**

စပါးအသင်း တိုက်စစ်မှူး ရစ်ချာလီဆန်သည် ဖေမီနို၊ ဂျေဇူးတို့ပြီးနောက် ပရီးမီးယားလိဂ်တွင် ဂိုးပါဝင်ပတ်သက်မှု (၁၀၀)ပြည့်မြောက်သည့် တတိယမြောက် ဘရာဇီးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် စပါးအသင်းနှင့် လီဗာပူးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရစ်ချာလီဆန်သည် ကစားသမားဘဝတစ်လျှောက် ပရီးမီးယားလိဂ်တွင် သွင်းဂိုး ၇၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၇ ဂိုးပြုလုပ်ပြီးနောက် ဂိုးပါဝင်ပတ်သက်မှု အကြိမ်(၁၀၀)ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရစ်ချာလီဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အပေါ်ဝဲပုံ) (NGB)**

## ရော့ကိုရိုက်ဇ်အား လိုက်ပဇစ်အသင်း ခေါ်ယူ

**မြူးနစ် မတ် ၁၇**

လိုက်ပဇစ်အသင်းသည် မိုချန်ဂလာဘတ်အသင်း ကွင်းလယ်ကစားသမား ရော့ကိုရိုက်ဇ်အား ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လိုက်ပဇစ်အသင်းတွင် ကျောနံပါတ်(၂၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ရော့ကိုရိုက်ဇ်သည် မိုချန်ဂလာဘတ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ပွဲကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုက်ပဇစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ရော့ကိုရိုက်ဇ်အနေဖြင့် လိုက်ပဇစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ဆိုတိုကာ လန်းစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ မတ် ၁၇**

လန်းစ်အသင်းသည် အသင်းဝါရင့် တိုက်စစ်မှူး ဆိုတိုကာအား ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် လန်းစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၄ပွဲကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဆိုတိုကာက "ကျွန်တော် အခုလို အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် (ဒု-အကျော့ ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၉-၃-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၀:၁၅ နာရီ | ဘာစီလိုနာ (စပိန်-၁) - နယူးကာဆယ် (အင်္ဂလန်-၉) | နယူးကာဆယ် ၁-၁ ဘာစီလိုနာ |
| ၁၉-၃-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၀၂:၃၀ နာရီ | ဘိုင်ယန်မြူးနစ် (ဂျာမနီ-၁) - အတ္တလန္တာ (အီတလီ-၇) | အတ္တလန္တာ ၁-၆ ဘိုင်ယန်မြူးနစ် |
| " | " | လီဗာပူး (အင်္ဂလန်-၅) - ဂါလာတာစာရေး (တူရကီ-၁) | ဂါလာတာစာရေး ၁-၀ လီဗာပူး |
| " | " | စပါး (အင်္ဂလန်-၁၆) - အက်သလက်တီကို (စပိန်-၃) | အက်သလက်တီကို ၅-၂ စပါး |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆) ပွဲကျန် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၃-၂၀၂၆ နံနက် ၀၂:၁၅ နာရီ | (၇)ဆောက်သမ်တန် - နော့ဝစ်ချ်(၁၂) (W,W,W,D,W) (W,W,L,W,W) | ဆောက်သမ်တန် ၄-၄ နော့ဝစ်ချ် နော့ဝစ်ချ် ၁-၁ ဆောက်သမ်တန် ၂၀၂၄-၂၅ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၈-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | ညနေ ၃:၃၀ နာရီ | (၁)ရှမ်း - ဟံသာဝတီ(၅) (D,W,W,W,W) (W,D,L,L,D) | ရှမ်း ၄-၀ ဟံသာဝတီ ဟံသာဝတီ ၀-၂ ရှမ်း |
| ၁၈-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | " | (၂)ရန်ကုန် - ဒဂုံ(၃) (W,D,W,W,W) (W,W,W,W,D) | ရန်ကုန် ၀-၀ ဒဂုံ ဒဂုံ ၀-၃ ရန်ကုန် |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် (ဒု-အကျော့ ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၈-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | ည ၁၀:၀၀ နာရီ | ဘရာဂါ (ပေါ်တူဂီ-၄) - ဖီရန်ဘားရှိုစ် (ဟန်ဂေရီ-၂) |



## ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**တောင်ကြီး မတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မတ် ၁၅ ရက် နံနက် ၉ နာရီက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ စားသောက်ကုန်၊ လူသုံးကုန်နဲ့ ဝန်ဆောင်မှုအမျိုးမျိုးတို့သည် ရွေးချယ်စရာအမြောက်အမြားရှိလာပါကြောင်း၊ ယခုလိုများပြားလှသော ရွေးချယ်စရာများထဲတွင် စားသုံးသူတစ်ဦးအတွက် အရေးကြီးဆုံးမှာ ထုတ်ကုန်များ ဘေးကင်းလုံခြုံမှုဖြစ်ပါကြောင်း၊ ထုတ်ကုန်များ ဘေးကင်းလုံခြုံမှုရှိမှသာလျှင် စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ကြမှာ ဖြစ်ပါကြောင်း၊ ဒါကြောင့် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ" ဆိုတဲ့ ဆောင်ပုဒ်ကို ယခုနှစ်အတွက် ရည်ရွယ်၍ ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ထုတ်ကုန်ဘေးကင်းလုံခြုံမှုဆိုသည်မှာ ကုန်စည်တစ်ခုကို ထုတ်လုပ်ရန် စတင်ပြင်ဆင်သည့်အဆင့်မှစ၍ ရရှိလာသော ကုန်ချောများအား သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် စားသုံးသူလက်ထဲရောက်သည်အထိ အဆင့်တိုင်းတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်းကို ဆိုလိုပါကြောင်း၊ အစားအသောက်များတွင် တားမြစ်ဓာတုပစ္စည်းများ၊ဆိုးဆေးများ၊ပိုးသတ်ဆေးဓာတုဓာတ်ကြွင်းများ ကင်းစင်ခြင်း၊ ဆေးဝါးများတွင် သက်တမ်းလွန်မှုနှင့် အာနိသင်မပြည့်ဝမှုတို့ မရှိခြင်း၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများတွင် အသုံးပြုသူကို ဘေးအန္တရာယ်ဖြစ်စေမှုမရှိစေခြင်းတို့သည် ထုတ်ကုန်ဘေးကင်းလုံခြုံမှု၏ အခြေခံသဘောတရားများဖြစ်ပါကြောင်း၊ စံချိန်စံညွှန်းမမီသော ထုတ်ကုန်ပစ္စည်းများသည် စားသုံးသူတစ်ဦးတစ်ယောက်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်ရုံသာမက နိုင်ငံ၏လူသားအရင်းအမြစ်ကိုပါ ကြီးမားစွာ ထိခိုက်စေနိုင်တာကြောင့် ထုတ်ကုန်ဘေးကင်းလုံခြုံမှုသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်းကို ထည့်သွင်းပြောကြားသည်။

ထို့နောက် စားသုံးသူကာကွယ်ရေးဆိုင်ရာ VideoClip ကို ဖွင့်လှစ်ပြသပြီး ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရွှေဖြူက စားသုံးသူကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၈)

## မိသားစုဝင်ငွေတိုးစီမံကိန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်သော လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၁၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် လက်ရက်ကန်း ဒီဇိုင်းတီထွင် ဆန်းသစ်မှုနည်းပညာသင်တန်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ သင်တန်းများဖွင့်လှစ်မှုနှင့် သင်တန်းဆင်းများမှ ကိုယ်ပိုင်လုပ်ငန်းတည်ထောင်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို မတ် ၁၆ ရက်က အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနစီမံကိန်းဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင် ဦးဆောင်သော အဖွဲ့သည် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီးရုံးခန်းတွင် လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခြင်း၊ သင်တန်းဖွင့်လှစ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံကျေးရွာသို့ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကျောင်းဆင်း သင်တန်းသူများ၏ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



## (RBF) စီမံကိန်းဖြင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ညောင်ဦး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်စင်ကြယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သန့်စင်ကြယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



သန့်စင်ကြယ်ကျေးရွာ၌ ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် သိန်း ၄၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး အသင်းသား၊ အသင်းသူ ၂၀ ဦးမှ အသားတိုးဝက်အကောင်ရေ ၄၀ ကို မွေးမြူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)

## အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် မတ် ၁၇**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။



သင်တန်းတွင် သင်တန်းနည်းပြအဖြစ် ဒေါက်တာပြည့်ဖြိုးက အခြေခံအင်္ဂလိပ်စကားပြောနည်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ အင်္ဂလိပ်စကားပြောသင်တန်းတွင် ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**

## ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကျင်းပ

**စစ်ကိုင်း မတ် ၁၇**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆင်ခြင်ကာကွယ် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး ဆွေးနွေးပွဲကို မတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ယမင်းအောင်က ပလတ်စတစ်၏ အဓိပ္ပာယ်၊ ပလတ်စတစ်အသုံးများရခြင်းအကြောင်း၊ ပလတ်စတစ်အသုံးပြုခြင်းဖြင့် ညစ်ညမ်းစေနိုင်သောအရာများ၊ ပလတ်စတစ်ညစ်ညမ်းမှုလျှော့နည်းသော ပတ်ဝန်းကျင်ဖြစ်စေရန် အသုံးပြုသင့်သော နည်းလမ်းများ၊ ပလတ်စတစ်အန္တရာယ်ကင်းဝေးစေရန် ပြည်သူများ ပူးပေါင်းပါဝင်သင့်ပုံစသည့် အကြောင်းအရာများကို ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

*-*-*-*-*-*-*

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆံကေသာကို အရင်းမှ အဖျားထိ တောက်ပြောင်စေမယ့် လျှို့ဝှက်ချက်



ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းနဲ့ ဆံသားဖွာခြင်းတွေဟာ လူတစ်ယောက်ရဲ့ ယုံကြည်မှုကို လျော့ကျစေပါတယ်။

**(၁) အပူဒဏ်လျှော့ချပါ။**

ဆံပင်အခြောက်ခံစက်(သို့မဟုတ်) ဆံပင်ဖြောင့်စက်တွေကို အလွန်အကျွံသုံးခြင်းက ဆံသားထဲက ပရိုတင်းဓာတ်တွေကို ပျက်စီးစေပါတယ်။ သုံးရမယ်ဆိုရင်လည်း အပူခံဖျန်းဆေး( Heat Protectant Spray) တစ်မျိုးမျိုး အရင်ဖျန်းသင့်ပါတယ်။

**(၂) ဦးရေပြား နှိပ်နယ်ခြင်း။**

ခေါင်းလျှော်တဲ့အခါ ဦးရေပြားကို လက်ထိပ်လေးတွေနဲ့ ညင်သာစွာ နှိပ်နယ်ပေးတာက သွေးလှည့်ပတ်မှု ကောင်းစေပြီး ဆံပင်ပေါက်နှုန်းကို မြန်ဆန်စေပါတယ်။

**(၃) ရေအေးဖြင့် ဆေးပါ။**

ရေနွေးနဲ့ ခေါင်းလျှော်ခြင်းက ဆံသားကို ခြောက်သွေ့စေပါတယ်။ နောက်ဆုံးတစ်ကြိမ် ရေဆေးချတဲ့အခါ ရေအေးအေးလေးနဲ့ ဆေးချတာက ဆံသားကို ပိုပြီး တောက်ပြောင်စေပါတယ်။

**Daisy**

*-*-*-*-*

## နာရီနှင့် ဖက်ရှင်လိုက်ဖက်ညီစွာ ဝတ်ဆင်နည်း အကြံပြုချက်များ

နာရီဆိုတာ အချိန်ကြည့်ဖို့ သက်သက် မဟုတ်ဘဲ လူတစ်ယောက်ရဲ့ အဆင့်အတန်း၊ စနစ်ကျမှုနဲ့ စတိုင်လ်ကို ဖော်ပြတဲ့ 'အရေးပါဆုံး အသုံးအဆောင် (Accessory)' တစ်ခု ဖြစ်ပါတယ်။ ဖက်ရှင်နဲ့ နာရီကို ဘယ်လို လိုက်ဖက်အောင် ဝတ်ဆင်ရမလဲဆိုတဲ့ အချက်တွေကို အသေးစိတ် ဖော်ပြပေးလိုက်ပါတယ်။

ပွဲလမ်းသဘင်နဲ့ အချိန်အခါ အလိုက် ရွေးချယ်ပါ။

နာရီတိုင်းဟာ ဝတ်စုံတိုင်းနဲ့ မလိုက်ဖက်ပါဘူး။ သွားမယ့် နေရာပေါ်မူတည်ပြီး ရွေးချယ်တတ်ဖို့ လိုပါတယ်။

ကော်လံပါတဲ့ ရှပ်အင်္ကျီ၊ Suit ဝတ်စုံတွေနဲ့ဆိုရင် Leather Strap (သားရေကြိုး) နာရီ ဒါမှမဟုတ် ရိုးရှင်းတဲ့ Metal Band(သတ္တုကြိုး) နာရီတွေက အလိုက်ဖက်ဆုံးပါ။ ဒိုင်ခွက်က အရမ်းမကြီးဘဲ ပါးပါးလျလျ ဖြစ်နေရင် ပိုပြီး အဆင့်အတန်းရှိစေပါတယ်။

တီရှပ်၊ ဂျင်းဘောင်းဘီတို့နဲ့ ဆိုရင်တော့ ဒိုင်ခွက်အများကြီး ပါသော နာရီတွေ၊ Steel နာရီတွေ ဒါမှမဟုတ် အထာကျတဲ့ Smart Watch တွေကို လွတ်လပ်စွာ ဝတ်ဆင်နိုင်ပါတယ်။ အားကစားလုပ်တဲ့အခါ ဒါမှမဟုတ် ခရီးသွားတဲ့အခါမျိုးမှာတော့ ရေစိုခံပြီး ခိုင်ခံ့တဲ့ ရာဘာကြိုး ဒါမှမဟုတ် ဒစ်ဂျစ်တယ် နာရီတွေကို ရွေးချယ်သင့်ပါတယ်။

သင့်နာရီကြိုးက အမည်းရောင် သားရေဆိုရင် သင့်ရဲ့ ခါးပတ်နဲ့ ဖိနပ်ကလည်း အမည်းရောင် ဖြစ်နေသင့်ပါတယ်။ အညိုရောင်ဆိုရင်လည်း အညိုရောင်ချင်း ညှိဝတ်တာက သင့်ကို ကြည့်ရတာ ပိုပြီး စနစ်ကျစေပါတယ်။

နာရီဒိုင်ခွက်ပေါင်အရောင်က ရွှေရောင် (Gold) ဆိုရင် ခါးပတ်ခေါင်း၊ လက်စွပ် ဒါမှမဟုတ် နားကပ်တွေကလည်း ရွှေရောင် ဖြစ်သင့်ပါတယ်။ ငွေရောင် (Silver) ဆိုရင်လည်း အားလုံးကို ငွေရောင်နဲ့ပဲ ဆင်မြန်းပါ။

လက်ကောက်ဝတ်နဲ့ နာရီဆိုဒ်နာရီက လက်ကောက်ဝတ်ထက် အရမ်းကြီးနေရင် ကြည့်ရဆိုးသလို အရမ်းသေးနေရင်လည်း မိန်းကလေးဆန်သွားတတ်ပါတယ်။ ဒိုင်ခွက် အချင်း ၃၈ မီတာမှ မီတာ ၄၀ အတွင်းက အသင့်တော်ဆုံးပါ။

နာရီဒိုင်ခွက် အချင်း ၄၂ မီတာ မှ ၄၆ မီတာအထိ ဝတ်ဆင်နိုင်ပါတယ်။ နာရီရဲ့ အနားစွန်းတွေက လက်ကောက်ဝတ်ရဲ့ အကျယ်ထက် ကျော်မထွက်သွားဖို့ သတိပြုပါ။

ယေဘုယျအားဖြင့်တော့ နာရီကို မိမိအသုံးမပြုတဲ့လက်မှာ ပတ်လေ့ရှိပါတယ်။ လူအများစုက ညာသန်ဖြစ်လို့ ဘယ်ဘက်မှာ ပတ်ကြတာပါ။ ဒါက နာရီကို ထိခိုက်မှုနည်းစေပြီး အလုပ်လုပ်တဲ့အခါမှာလည်း အနှောင့်အယှက် မဖြစ်စေပါဘူး။

အခုနောက်ပိုင်း ဖက်ရှင်မှာ နာရီကို လက်ကောက် (Bracelets) တွေနဲ့ တွဲဝတ်တာ ခေတ်စားလာပါတယ်။

နာရီနဲ့ တွဲဝတ်မယ့် လက်ကောက်ဟာ နာရီကို ခြစ်မိစေမယ့်အရာမျိုး (ဥပမာ- ချွန်ထက်သောသတ္တု) မဖြစ်ဖို့ လိုပါတယ်။

ကျောက်လက်ကောက် ဒါမှမဟုတ် သားရေကြိုးမျှင်လေးတွေက နာရီနဲ့ တွဲဖက်လိုက်ရင် ပိုပြီး စတိုင်လ်ကျစေပါတယ်။ နာရီဆိုတာ သင့်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ပြောပြနေတဲ့အရာဖြစ်လို့ မိမိရဲ့ စရိုက်နဲ့ လိုက်ဖက်မယ့် နာရီတစ်လုံးကို သေချာရင်းနှီးမြှုပ်နှံထားသင့်ပါတယ်။

**Daisy**

*-*-*-*

*-*-*-*-*-*

*-*-*-*-*-*-*



## အလှတရားအတွက် အာဟာရနှင့် အစားအသောက်




အပြင်ပန်းလှပမှုဟာ အတွင်းပိုင်း ကျန်းမာမှုကနေ လာပါတယ်။ "You Are What You Eat" ဆိုတဲ့အတိုင်း သင်စားတဲ့ အစားအသောက်က သင့်အသားအရေမှာ ပေါ်လွင်ပါတယ်။

Vitamin C ကြွယ်ဝသော အသီးအနှံတွေဖြစ်တဲ့ လိမ္မော်သီး၊ ရှောက်သီး၊ စတော်ဘယ်ရီတို့က ခန္ဓာကိုယ်ထဲမှာ Collagen ထုတ်လုပ်မှုကို ကူညီပေးလို့ အသားအရေကို တင်းရင်းကြည်လင်စေပါတယ်။

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်တွေကတော့ ကန်စွန်းရွက်၊ ဟင်းနုနွယ် စတာတွေမှာ ပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidants) တွေက အိုမင်းရင့်ရော်မှုကို နှေးကွေးစေပါတယ်။

သကြားဓာတ် အလွန်အကျွံစားသုံးခြင်းက ခန္ဓာကိုယ်မှာ ရောင်ရမ်းမှုကို ဖြစ်စေပြီး ဝက်ခြံပိုထွက်စေသလို Collagen တွေကိုလည်း ပျက်စီးစေတာကြောင့် သကြားလျှော့စားပေးဖို့ လိုအပ်ပါတယ်။

**Daisy**

## မျက်နှာပေါ်က ဝက်ခြံနဲ့ အဆီဖုတွေကို ဘယ်လိုကိုင်တွယ်မလဲ

ဝက်ခြံဆိုတာ လူငယ်၊ လူရွယ်တွေတင်မကဘဲ လူကြီးတွေမှာပါ စိတ်အနှောင့်အယှက် ဖြစ်စေတဲ့ အရာပါ။ ဝက်ခြံကင်းစင်ဖို့ဆိုရင် -



**(၁) လက်နဲ့ မထိပါနဲ့။**

ဝက်ခြံကို လက်နဲ့ ညှစ်တာ၊ ထိတွေ့တာတွေက ဘက်တီးရီးယားတွေကို ပိုပြန့်စေပြီး အမာရွတ် ထင်ကျန်စေပါတယ်။

**(၂) Salicylic Acid (BHA) သုံးပါ။**

ချွေးပေါက်ထဲက အညစ်အကြေးတွေကို သန့်စင်ပေးနိုင်တဲ့ BHA ပါတဲ့ ပစ္စည်းတွေက ဝက်ခြံနဲ့ အဆီဖုတွေအတွက် ထိရောက်ပါတယ်။

**(၃) ခေါင်းအုံးစွပ် ပုံမှန်လဲပါ။**

ညဘက် အိပ်စက်တဲ့အခါ မျက်နှာနဲ့ အမြဲထိတွေ့နေတဲ့ ခေါင်းအုံးစွပ်တွေမှာ ဘက်တီးရီးယားတွေ ခိုအောင်းနေတတ်တဲ့အတွက် တစ်ပတ်ကို အနည်းဆုံး တစ်ကြိမ် လဲလှယ်ပေးသင့်ပါတယ်။

**Daisy**

## ကျန်းမာကြည်လင်သော အသားအရေအတွက် အခြေခံအဆင့်(၃)ဆင့်

အသားအရေ ထိန်းသိမ်းမှု (Skincare) ဆိုတာ ဈေးကြီးတဲ့ ပစ္စည်းတွေ အများကြီးသုံးရတာထက် မှန်ကန်တဲ့ အစီအစဉ်ရှိဖို့က ပိုအရေးကြီးပါတယ်။ မည်သည့် အသားအရေ အမျိုးအစားမဆို လိုက်နာရမယ့် အခြေခံအဆင့်တွေကတော့ -

**(၁) သန့်စင်ခြင်း**

တစ်နေ့တာလုံး ကပ်ငြိလာတဲ့ ဖုန်မှုန့်၊ အညစ်အကြေးနဲ့ အဆီပိုတွေကို ဖယ်ရှားဖို့ အရေးကြီးပါတယ်။ အသားအရေခြောက်သွေ့တတ်သူဆိုရင် အမြှုပ်နည်းတဲ့ Cleanser ကို သုံးသင့်ပြီး အဆီပြန်သူဆိုရင်တော့ Gel (သို့မဟုတ်) Foam အမျိုးအစားကို သုံးသင့်ပါတယ်။


**(၂) အစိုဓာတ်ဖြည့်ခြင်း**

အသားအရေ စိုပြည်နေမှသာ ဆဲလ်တွေက ကျန်းမာပြီး အရေးအကြောင်း ဖြစ်ပေါ်မှုကို ဟန့်တားနိုင်မှာပါ။ အဆီပြန်တဲ့သူတွေတောင် Moisturizer လိမ်းဖို့ လိုအပ်ပါတယ်။ အဆီမပြန်တဲ့ Water-based အမျိုးအစားကို ရွေးချယ်နိုင်ပါတယ်။

**(၃) ကာကွယ်ခြင်း**

ဒါကတော့ အရေးကြီးဆုံးပါ။ Sunscreen မလိမ်းဘူးဆိုရင် သင်လိမ်းသမျှ Skincare တွေဟာ အလကားဖြစ်သွားပါလိမ့်မယ်။ UV ရောင်ခြည်ဟာ အသားအရေကို ပျက်စီးစေတဲ့ အဓိက အကြောင်းရင်းဖြစ်ပါတယ်။

**Daisy**



## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြော



**ပွင့်ဖြူ မတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာများအကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၄၅)



## ရွှေကြိုပန်း ရေဆေးပန်းချီပြပွဲ ဖွင့်လှစ်ပြသ

**မန္တလေး မတ် ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၀၈)၊ ၃၂(A) လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တာဝါပန်းချီပြခန်းတွင် ချင်းပြည်နယ်၊ ကလေးမြို့မှ ပန်းချီလှကြည်၊ ပန်းချီ အောင်မျိုးတို့၏ "ရွှေကြိုပန်း" ရေဆေးပန်းချီပြပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါ ပြပွဲတွင် ပြသထားသော ပန်းချီကားများမှာ အရွယ်တူ၊ ဆိုဒ်တူ ပန်းချီကားများဖြစ်ပြီး ချင်းပြည်နယ်ဒေသရှိ တော၊ တောင်၊ မြစ်၊ ချောင်းများ၏ သဘာဝရှုခင်းများကို ရေးဆွဲခြယ်မှုန်းထားသည်။ ပန်းချီကားတစ်ကားလျှင် ငွေကျပ် သုံးသိန်းခွဲဖြစ်ပြီး ပြပွဲကို မတ် ၁၄ ရက်မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)
PNT




## ပွဲဈေးတန်းများတွင် လက်ရေးပန်းချီ ရေးဆွဲပေးမှုများ ခေတ်စားလာ

**မန္တလေး မတ် ၁၇**

ဘုရားပွဲနှင့် ပွဲဈေးတန်းများ၌ လက်ပေါ်တွင် ပန်းချီရေးဆွဲပေးသည့် လက်ရေးပန်းချီအနုပညာလုပ်ငန်းများ ခေတ်စားလာပြီး လုပ်ကိုင်သူများလည်း တဖြည်းဖြည်း မြင်တွေ့လာရကြောင်း ဒေသခံများထံမှ သိရသည်။

ထိုလက်ရေးပန်းချီအနုပညာသည် ပုဂံရှေးဟောင်းဒေသတွင် စတင်ပေါ်ပေါက်ခဲ့သည့် လက်မှုအနုပညာရပ်တစ်ခုဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလက မြင်းကပါရွာမှ စတင်ခဲ့သည်။

ယခင်က ဒေသထွက်ကုန်ပြပွဲများနှင့် အခမ်းအနားပြပွဲအချို့တွင်သာ တွေ့ခဲ့ရသော်လည်း ယခုအခါ ဘုရားပွဲဈေးတန်းများတွင်လည်း လုပ်ကိုင်လာကြခြင်း ဖြစ်သည်။

မန္တလေးမြို့မှ ဒေသခံတစ်ဦးက "လက်ရေးပန်းချီလို့လည်း ခေါ်ကြတယ်။ အရင်က ပုဂံမှာပဲ တွေ့ရတာများတယ်။ လေး၊ ငါး နှစ်လောက်ကစပြီး ပြပွဲတွေမှာ တွေ့လာတယ်။ အခုတော့ ပွဲဈေးတန်းတွေမှာပါ လုပ်လာကြတယ်။ ဒါပေမဲ့ ဆိုင်အများကြီးတော့ မရှိသေးပါဘူး။ နှစ်ဆိုင်၊ သုံးဆိုင်လောက်ပဲ တွေ့ရပါတယ်" ဟု ပြောသည်။

လက်ရေးပန်းချီရေးဆွဲပေးရာတွင် မူလစုတ်တံဖြင့် ရေးဆွဲသည့် လက်ပန်းချီနှင့် ဒန်းဆေးအသုံးပြု၍ ရေးဆွဲသည့် လက်ပန်းချီဟူ၍ နှစ်မျိုးရှိပြီး ပွဲဈေးတန်းများတွင် လူကြိုက်များလာသည့် အမျိုးအစားမှာ ဒန်းဆေးလက်ပန်းချီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
(မန္တလေးနေ့စဉ်-၈)



## အခြေခံဆိုလာနည်းပညာနှင့် တပ်ဆင်ခြင်းသင်တန်းဆင်း

**မန္တလေး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဆိုလာနည်းပညာနှင့် တပ်ဆင်ခြင်းသင်တန်းဆင်းပွဲကို မတ် ၁၅ ရက် မွန်းလွဲ ၃ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစုပါစင်တာ၊ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနည်မောင်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးနေလင်းတို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။ သင်တန်းနည်းပြဆရာက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(၀၄၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့ရွှေမန်းလေး နေ့စဉ်

## ပရိတ်တော် ၁၁ ပါး

* သုံးလူ့ထိပ်တင် မြတ်ဘုန်းရှင်၏
နှုတ်တွင်ဟောမြွက် ဓမ္မစက်သည်
ဖြစ်ပျက်ဘယာ ဘေးကင်းကွာ၍
ဝေဖြာကောင်းကျိုး ဘုန်းရှိန်တိုး၏ ။

* အစဦးစွာ မင်္ဂလာနှင့်
သုံးဖြာရတန မြတ်ဓမ္မပြင်
မေတ္တာဝေဖြာ လွှမ်းမိုးကာဖြင့်
ဆိပ်မှာထန်ပြင်း " မြွေ " ရန်ကင်း၏ ။

* ဘေးရန်ကင်းကာ ချုပ်နှောင်တာနှင့်
များစွာမီးဘေး ကွင်းရှောင်ရေးပြင်
ကင်းဝေးမိစ္ဆာ နှောင့်ယှက်တာတို့
မြန်စွာအနေး ရှောင်ကာပြေး၏ ။

* သားဖွားမီးနေ ခက်ခဲလေလျှင်
ကိုယ်နေပင်ပန်း နာမကျန်းလျှင်
ဆိုးသွမ်းဖြစ်အင် ဖြိုဟ်စီးဝင်လျှင်
နှုတ်တွင်ရွရွ ရွတ်ဆိုကြဖို့
ဗုဒ္ဓဇိနော် ပရိတ်တော်သည်
နဘော်စွမ်းလှ ကောင်းကျိုးရ၏ ။

* ပရိတ်ရွတ်ရာ " မင်္ဂလာ "နှင့်
" ရတနာ၊ မေတ္တ " သုတ် " ခန္ဓ " ပြင်
" မောရ " ရွတ်ခါ " ဝဋ္ဋ " ကာ၍
စွမ်းတာ " ဓဇဂ္ဂ " နှုတ်မြွက်ပြီး
တားကြမိစ္ဆာ " အာဋာနာ "နှင့်
မွေးတာမြန်ဘိ " အင်္ဂုလိ " ဟု
မချိခန္ဓာ မကျန်းမာက
သုတ်လာကျမ်းပြ " ဗောဇ္ဈင် " နှင့်
ဆိုးလှဂြိုဟ်ရှင် စီးနင်းလျှင်မူ
နှုတ်တွင်ရွတ်ကြ " ပုဗ္ဗဏှ " ကို
မှတ်ကြသေချာ ရွတ်ဆိုပါက
မြန်စွာဘယ ကင်းစင်ပ၏ ။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)



## ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**လားရှိုး မတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ 'ရန်နိုင်အောင် မြတ်စွာဘုရား'အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၆ နာရီက ကျင်းပခဲ့ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရှေဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက 'ရန်နိုင်အောင် မြတ်စွာဘုရား'အား ဆီမီး၊ အမွှေးတိုင်၊ ပန်း၊ ရေချမ်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက 'ဩကာသ' ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**လှမော်(ပြန်/ဆက်)**




## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A)က လှူဒါန်းမှုအတွက် ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်သည်။

ထို့နောက် အမိအဘနှင့် အစ်မကြီး၊ အစ်ကိုကြီးတို့အား ရည်စူး၍ မန္တလေးမြို့နေ ဒေါ်မြညွန့် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀ကို ပေးအပ်လှူဒါန်းရာ ဥပဏ္ဍမ္ဘကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

PNT



## စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**မြစ်သား မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရ ပါဠိပထမပြန် စာမေးပွဲအောင်လက်မှတ်နှင့် စာအောင်ဆုချီးမြှင့်ခြင်း စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ရွှေမုဋ္ဌောဘုရားဝင်းအတွင်းရှိ နန်းအိမ်သူ ဓမ္မဗိမာန်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ ဘုရားရှိခိုး၍ ဖွင့်လှစ်ခဲ့ပြီး မင်းကုန်းပရိယတ္တိ စာသင်တိုက် မြို့နယ်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဃောသိတက သရဏဂုံနှင့် ငါးပါးသီလ ချီးမြှင့်ခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့သည်။ **(အပေါ်ပုံ)**

အစိုးရပါဠိပထမပြန်စာမေးပွဲအောင်လက်မှတ်နှင့် စာအောင်ဆုချီးမြှင့်ခြင်း စူဠဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များက စာအောင်သံဃာ၊ ကျောင်းသားများနှင့် အလှူရှင်များအား အောင်လက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြစ်ဆုံကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပုညက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့)သင်တန်း၌ အာဟာရဂုဏ်ပျောသီးများ ဒါနကုသိုလ်ပြု

**ကျောက်ဆည် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာများအသင်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်နေသည့် နွေရာသီ အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့)သင်တန်း၌ တက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများအား ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အာဟာရဂုဏ်ပျောသီးများ ဒါနကုသိုလ်ပြု ကျွေးမွေးခဲ့သည်။

အဆိုပါပန်းချီသင်တန်းကို ပန်းချီဆရာဦးစိုးမြင့်ဒွဏ်း၊ ပန်းချီညို(ကျောက်ဆည်)နှင့် ကာတွန်း(ဒိန်းဂျား)တို့က အခြေခံပန်းချီပညာများဖြစ်သည့် မျဉ်းကွေး၊ မျဉ်းမတ်၊ မျဉ်းစောင်း၊ စက်ဝိုင်းများ၏ သဘောတရားများနှင့် အရောင်အနု၊ အနုအရင့် ရေးခြယ်ခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(၄၈၅)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က ကျောက်ပန်းတောင်းမြို့နေ မိခင်ကြီး ဒေါ်မြဝင်း၏ (၂၅)နှစ်ပြည့်အား ရည်စူး၍ သားသမီးမြေးတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ် ငါးသိန်းနှင့် ဆေးပဒေသာပင် ငွေကျပ် ၁၅ သိန်းတို့ကို လှူဒါန်းရာ ဆေးရုံအုပ် ဦးတင်ဝင်းက လက်ခံရယူစဉ်။ (ကဆ)

## သောက်သုံးရေ ဖူလုံစေရန် ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်း

**ညောင်ဦး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက မတ် ၁၆ ရက် နံနက်ပိုင်းက သောက်သုံးရေလိုအပ်နေသော ညောင်ဦးမြို့နယ် ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။



ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ်၊ ရွှေလိုင်းကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ စံပြကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ ဇီးအိုကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ စုစုပေါင်း ရေဂါလန် ၉၆၀၀ အား ကျေးလက်နေ ပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ဒေသတွင်းရှိ ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီကာလ သောက်သုံးရေ အခက်အခဲ မဖြစ်စေရန်နှင့် ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ရုံးပတီအရွက်

ရုံးပတီသီးကို ဟင်းချက်စားရင် ကျန်းမာရေးအတွက် အကျိုးပြုမှုန်း လူတိုင်းသိကြပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အရွက်တွေဟာ အသီးတွေထက်တောင် ပိုပြီး အစွမ်းထက်တဲ့ ဆေးဖက်ဝင် အကျိုးကျေးဇူးတွေ ပေးနိုင်တယ်ဆိုတာကိုတော့ လူအများစုက သတိမထားမိကြပါဘူး။

ရုံးပတီသီးအရွက်တွေဟာ ဗီတာမင်၊ သတ္တုဓာတ်နဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်း(Antioxidants)တွေ ကြွယ်ဝစွာ ပါဝင်တဲ့ သဘာဝအာဟာရ အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။

**၁။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်။**

ဗီတာမင်စီ အများအပြား ပါဝင်သောကြောင့် ရောဂါပိုးမွှားတွေကို တိုက်ဖျက်ရာမှာ အရေးပါတဲ့ ကိုယ်ခံအားစနစ်ကို အားကောင်းစေပါတယ်။

**၂။ အသားအရေနဲ့ ဆံပင်ကို ကျန်းမာစေတယ်။**

အရွက်ပြုတ်ရည်ကို သောက်သုံးခြင်း(သို့မဟုတ်)အရေပြားပေါ်လိမ်းပေးခြင်းဖြင့် အသားအရေကို ကြည်လင်ဝင်းပစေပြီး အစိုဓာတ်ကို ထိန်းပေးနိုင်ပါတယ်။ ဆံပင်သန်စွမ်းဖို့နဲ့ ဗောက်ပျောက်ဖို့အတွက်လည်း ရုံးပတီရွက်ကို အသုံးပြုနိုင်ပါတယ်။

**၃။ ရောင်ရမ်းမှုကို လျှော့ချပေးတယ်။**

အရွက်တွေမှာ ရောင်ရမ်းမှုကို ဆန့်ကျင်တဲ့ ဂုဏ်သတ္တိတွေ ပါဝင်လို့ အဆစ်အမြစ်နာကျင်တာနဲ့ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုတွေကို သက်သာစေနိုင်ပါတယ်။

**၄။ အစာခြေစနစ်ကို ထောက်ပံ့ပေးတယ်။**


အမျှင်ဓာတ်ပါဝင်မှုကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်တာကို ကာကွယ်ပေးနိုင်ပါတယ်။

**၅။ မျက်လုံးရောဂါဖြစ်နိုင်ခြေ လျှော့ချပေးတယ်။**

ဗီတာမင်အေ ကြွယ်ဝစွာပါဝင်သောကြောင့် အမြင်အာရုံကို ကောင်းမွန်စေပြီး မျက်လုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

ရုံးပတီရွက်နုနုလေးတွေကို ဟင်းချိုချက်ရာမှာ၊ အသုပ်သုပ်ရာမှာ ဒါမှမဟုတ် တို့စရာအဖြစ် ချက်ပြုတ်စားသောက်နိုင်ပါတယ်။

အရွက်ကို ရေနွေးနဲ့ပြုတ်ပြီး ရေစိမ်ရည်ကိုလည်း ကျန်းမာရေးအချိုရည်အဖြစ် သောက်သုံးနိုင်ပါတယ်။



## ကုလားပဲ

ကုလားပဲဟာ အသားဓာတ်(Protein)ကြွယ်ဝလို့ ဟင်းသီးဟင်းရွက်သာ စားသုံးသူများက အသားနေရာမှာ အစားထိုးပြီး စားသုံးကြပါတယ်။

အစားအစာမှ အသားဓာတ်များက ခန္ဓာကိုယ်ထဲမှာ အမိုင်နိုအက်စစ်အဖြစ် ပြောင်းလဲပြီး ကြွက်သားများကို ဖွဲ့စည်းတည်ဆောက်ကာ ခန္ဓာကိုယ် တောင့်တင်းခိုင်မာစေရန် အားပေးပါတယ်။

ဦးနှောက်၊ နှလုံးအသားမျှင်များ၊ ကျောက်ကပ်နဲ့ အကြောများ မပျက်စီးရန်နဲ့ ရောဂါများအလွယ်တကူ မဝင်ရောက်နိုင်ရန် အသားဓာတ်များက ကာကွယ်ပေးပါတယ်။ အရိုးများသိပ်သည်းဆ ကောင်းစေရန်လည်း အားဖြည့်ပေးပါတယ်။

ကုလားပဲမှာ Vitamins, Minerals နဲ့ Fibers တွေ ပါဝင်လို့ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းပေးခြင်း၊ အစာကြေညက်စေခြင်းနဲ့ ရောဂါများကျရောက်ခြင်းကိုလည်း လျှော့နည်းစေပါတယ်။

ကုလားပဲစားသုံးခြင်းဖြင့် အူလမ်းကြောင်းမှ ဆဲလ်တွေကို ရောင်ရမ်းမှုလျှော့စေတဲ့ Butyrate Fatty Acid ထုတ်လုပ်မှုကို တိုးတက်များပြားစေလို့ အူလမ်းကြောင်းမှာ ကင်ဆာဖြစ်နိုင်ခြေကို လျှော့နည်းစေပါတယ်။

ကုလားပဲမှာပါဝင်တဲ့ Saponins က အဖုအကျိတ်များ ကြီးထွားမှုကို တားဆီးပေးနိုင်တဲ့အတွက် ကင်ဆာဖြစ်နိုင်ခြေကို ဟန့်တားပေးနိုင်ပါတယ်။

ဗီတာမင်ဘီနဲ့အတူ အခြားဗီတာမင်တွေ၊ Minerals တွေပါဝင်သောကြောင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေကို လျှော့နည်းစေပါတယ်။

ကုလားပဲမှာပါတဲ့ Choline ကလည်း ဦးနှောက်လုပ်ဆောင်မှုမှာ အရေးကြီးတဲ့နေရာကနေ ပါဝင်ပါတယ်။

မဂ္ဂနီစီယမ်ပါဝင်တဲ့အတွက် နှာ့ဗ်ကြောတွေရဲ့ တာဝန်လုပ်ဆောင်ရာမှာ အကူအညီရရှိစေပါတယ်။



## နံ့သာဖြူ

နံ့သာဖြူဆိုတာက အမွှေးနံ့သာတစ်မျိုးပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အာရှဒေသမှာ အလေးအမြတ်ထား သုံးစွဲခဲ့ကြတဲ့အပင်တစ်မျိုးပါ။ ဆေးဖက်ဝင်သလို အမွှေးနံ့သာအနေနဲ့လည်း အသုံးပြုကြပါတယ်။ နံ့သာဖြူကို အရေပြားမှာ တိုက်ရိုက်လိမ်းကျံကြသလို ဘာသာရေးအခမ်းအနားတွေမှာ အမွှေးနံ့သာအနေနဲ့လည်း အသုံးပြုကြပါတယ်။

နံ့သာဖြူအဆီကို အသုံးပြုကြသလို ဆပ်ပြာ၊ အလှကုန်၊ ဖယောင်းတိုင်၊ ခရင်မ်တွေနဲ့ အမွှေးတိုင်အဖြစ်လည်း အသုံးပြုကြပါတယ်။

**၁။ အသားအရေကို အေးမြစေတယ်။**

နံ့သာဖြူက အသားအရေကို အေးမြစေနိုင်တဲ့ အာနိသင်ရှိပါတယ်။ နွေအပူရှိန်ကြောင့် အသားအရေ ပူစပ်စပ်ဖြစ်တာကနေ သက်သာစေဖို့အတွက်ဆိုရင် နံ့သာဖြူကို ခပ်ပါးပါးလေး အရေပြားပေါ်မှာ တိုက်ရိုက်လိမ်းပေးလို့ရပါတယ်။

**၂။ အရောင်ကျစေတယ်။**

အရေပြားရောင်ရမ်းတာကို သက်သာစေဖို့လည်း နံ့သာဖြူကို အသုံးပြုလို့ရပါတယ်။ ဝက်ခြံတွေကြောင့် ရောင်ရမ်းတာကို သက်သာစေနိုင်ပြီး အရေပြားမှာ ထိခိုက်တာကြောင့် ရောင်ရမ်းတာကို သက်သာစေရန်လည်း နံ့သာဖြူကို အသုံးပြုပေးလို့ ရပါတယ်။

**၃။ အသားအရေကို အာဟာရဖြည့်ပေးတယ်။**

နံ့သာဖြူက အရေပြားကို အေးမြစေပြီး အရေပြားအတွက် လိုအပ်တဲ့ အာဟာရတွေကိုလည်း ဖြည့်ပေးနိုင်ပါတယ်။ အသားအရေကို ကျန်းမာစေပြီး အာဟာရပြည့်စေဖို့ နံ့သာဖြူကို အရေပြားမှာ တိုက်ရိုက်လိမ်းပေးနိုင်ပါတယ်။

**၄။ ဝက်ခြံတွေ သက်သာစေတယ်။**

နံ့သာဖြူက ဘက်တီးရီးယားတွေကို တိုက်ဖျက်ပေးနိုင်ပါတယ်။ ဒါကြောင့် ဝက်ခြံတွေကို သက်သာစေဖို့အတွက် နံ့သာဖြူကို ဝက်ခြံတွေ အပေါ်မှာ တိုက်ရိုက်လိမ်းပေးလို့ရပါတယ်။ ပုံမှန်လေးလိမ်းပေးမယ်ဆိုရင် ဝက်ခြံတွေကို သိသိသာသာသက်သာစေပါတယ်။

**၅။ အသားအရောင်ညီစေတယ်။**

အသားအရေ မညီတဲ့သူတွေအနေနဲ့ နံ့သာဖြူကို အသားအရောင်မညီတဲ့ နေရာတွေကို ပုံမှန်လိမ်းပေးမယ်ဆိုရင် အသားအရောင်ညီစေဖို့ ထိထိရောက်ရောက် ထောက်ပံ့ပေးနိုင်ပါတယ်။

**၆။ အစက်အပြောက်တွေ သက်သာစေတယ်။**

ဝက်ခြံကြောင့်ဖြစ်တဲ့ အမာရွတ်တွေသက်သာစေဖို့အတွက် နံ့သာဖြူကို အသုံးပြုနိုင်ပါတယ်။ အမာရွတ်ဖြစ်တဲ့နေရာတွေမှာ ပုံမှန်လေး တိုက်ရိုက်လိမ်းပေးရုံနဲ့ သိသိသာသာ သက်သာစေမှာပါ။ အသားအရေကို ကြည်လင်ဝင်းပစေဖို့ အထောက်အကူပေးနိုင်ပါတယ်။

**၇။ အသားအရေ တင်းရင်းစေတယ်။**

အသက်အရွယ်ကြောင့်ဖြစ်ဖြစ်၊ နေထိုင်စားသောက်မှုပုံစံကြောင့်ဖြစ်ဖြစ် အရေပြားမှာ တင်းအားတွေကျဆင်းပြီး အသားအရေမှာ အရေးအကြောင်းထင်တာတွေဖြစ်နိုင်ပါတယ်။ အသားအရေ တင်းတင်းရင်းရင်းလေး လှချင်တယ်ဆိုရင် နံ့သာဖြူမှုန့်နဲ့ မျက်နှာ၊ လည်ပင်းက အသားအရေတွေကို ပေါင်းတင်ပေးလို့ရသလို အရေပြားမှာ လိမ်းပေးလို့လည်း ရပါတယ်။

**၈။ အသားအရေ ကြည်လင်စေတယ်။**

နံ့သာဖြူက အသားအရေကို ချောမွေ့စေပြီး ကြည်လင်စေဖို့လည်း အထောက်အကူပြုပါတယ်။ သဘာဝရဲ့ အရေပြား Glow စေတဲ့ အရာလေးပါ။ နံ့သာဖြူပုံမှန်လိမ်းပေးတာက အသားအရေကို ကြည်လင်စေပြီး ဝင်းပစေဖို့ ထိထိရောက်ရောက် အားဖြည့်တင်းပေးပါတယ်။ အသားအရေကို ကြည်လင်ဝင်းပစေပါတယ်။

**၉။ ဓာတ်မတည့်တာ သက်သာစေတယ်။**

အရေပြားမှာ ဓာတ်မတည့်တာကြောင့် နီမြန်းတာ၊ ရောင်ရမ်းတာကို သက်သာစေနိုင်ပါတယ်။ အရေပြားမှာ တိုက်ရိုက်လိမ်းပေးလို့ရပါတယ်။

**သတိပြုရန်**

နံ့သာဖြူကို အရေပြားမှာ လိမ်းပေးတာက များသောအားဖြင့် စိတ်ချရပါတယ်။ ဒါပေမဲ့ နံ့သာဖြူလိမ်းပြီး အသားတွေယားလာတယ်၊ စပ်ဖျဉ်းဖျဉ်းဖြစ်လာတယ်ဆိုရင် လိမ်းတာကို ရပ်ပြီး ရေဆေးချဖို့လိုပါတယ်။ အရင်က နံ့သာဖြူလိမ်းပြီး ဓာတ်မတည့်မှုပြဿနာဖြစ်ဖူးတဲ့သူတွေက ထပ်မလိမ်းသင့်ပါဘူး။ အရေပြားပြဿနာတစ်ခုခုအတွက် လိမ်းမယ်ဆိုရင်လည်း ဆရာဝန်နဲ့ တိုင်ပင်ဖို့ လိုအပ်ပါတယ်။

## နက်စ်ကော်ဖီ

မနက်ခင်းမှာ နက်စ်ကော်ဖီသောက်ခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိမှာ ဖြစ်ပါတယ်။



၁။ အဆီလောင်ကျွမ်းမှုကို ပိုမိုအားကောင်းစေတယ်။

၂။ ဦးနှောက်ကို ချက်ချင်းနိုးကြားစေပြီး အားအင်အပြည့်နဲ့ စတင်နိုင်ပါတယ်။

၃။ ခန္ဓာကိုယ်ထဲက မလိုအပ်တဲ့ အညစ်အကြေးတွေကို ဖယ်ရှားပေးပါတယ်။

၄။ အူလမ်းကြောင်းလှုပ်ရှားမှုကောင်းမွန်စေလို့ ဝမ်းချုပ်တတ်သူများအတွက် သင့်လျော်ပါတယ်။

၅။ စုပုံနေတဲ့ အဆီပိုတွေကို ထိရောက်စွာ လျှော့ချပေးပါတယ်။

၆။ ခဏခဏ ဆာလောင်တတ်တာကို သက်သာစေပါတယ်။

၇။ အချိုစား တောင့်တတဲ့စိတ်ကို လျော့ပါးသွားစေပါတယ်။

၈။ နှလုံးကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါတယ်။

၉။ သကြားဓာတ်ပမာဏကို ပုံမှန်အတိုင်းဖြစ်အောင် ထိန်းပေးပါတယ်။

၁၀။ ရေဓာတ်စုပြီး ဖောရောင်တာတွေကို သက်သာစေပါတယ်။

၁၁။ အသည်းရဲ့လုပ်ဆောင်ချက်တွေကို လှုံ့ဆော်ပေးပါတယ်။

၁၂။ ကိုယ်တွင်းက အဆိပ်အတောက်တွေကို ဆေးကြောသန့်စင်ပေးပါတယ်။

၁၃။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝလို့ အိုမင်းရင့်ရော်မှုကို နှေးကွေးစေပါတယ်။

၁၄။ ဗီတာမင်စီကြောင့် ရောဂါခုခံနိုင်စွမ်းတိုးတက်လာပါတယ်။

၁၅။ အတွင်းပိုင်းက သန့်စင်ပေးလို့ အသားအရေကို စိုပြည်လာစေပါတယ်။

၁၆။ မနက်ခင်း ခံတွင်းနံ့ဆိုးတွေကို ဖယ်ရှားပေးပါတယ်။

၁၇။ အစာကြေညက်မှုကို ပိုမိုမြန်ဆန်ချောမွေ့စေပါတယ်။

၁၈။ နုံးချည့်နေတာတွေကို လန်းလန်းစေပါတယ်။

၁၉။ သွေးကြောတွေကို ကျုံ့နိုင်၊ ဆန့်နိုင်စွမ်းကောင်းစေပါတယ်။

၂၀။ စိတ်ဖိစီးမှုကို လျှော့ချပေးပြီး စိတ်ခံစားချက်ကို မြှင့်တင်ပေးပါတယ်။

၂၁။ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုတွေကို သက်သာစေပါတယ်။

၂၂။ သကြားမပါဘဲ ခန္ဓာကိုယ်ကို သဘာဝအတိုင်း အားရှိစေပါတယ်။

၂၃။ အက်စစ်နဲ့ အယ်လ်ကာလီဓာတ်ကို မျှတအောင် ထိန်းပေးပါတယ်။

၂၄။ ငွေကုန်သက်သာပြီး အချိန်မကုန်ဘဲ ပြုလုပ်နိုင်ပါတယ်။

၂၅။ နေ့စဉ်သောက်သုံးပေးခြင်းဖြင့် ရေရှည်မှာ ကြံ့ခိုင်စေပါတယ်။

ဒါကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ နက်စ်ကော်ဖီကို နံနက်တိုင်း သောက်သုံးသင့်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား – Tik Tok**

❖ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ပေးသွားရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးပန်ကြားချက်

၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ တစ်နေ့တာ ပျမ်းမျှဓာတ်အားလိုအပ်ချက် ၄၆၆၄ မဂ္ဂါဝပ်ကို ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း လက်ရှိတွင် အဓိကဓာတ်အားလိုင်းအချို့ ဖျက်ဆီးခံရခြင်းနှင့် သဘာဝဓာတ်ငွေ့ရရှိမှု လျော့နည်းခြင်းတို့ကြောင့် LNG သုံးဓာတ်အားပေးစက်ရုံများမှ ၅၀၀ မဂ္ဂါဝပ် ထပ်မံဖြည့်ဆည်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ရာ ပုံမှန်ထုတ်လုပ်နိုင်မှု၏ ၇၇ ရာခိုင်နှုန်းဖြစ်သော ၃၆၀၀ မဂ္ဂါဝပ်ခန့်ကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ၎င်းအပြင် ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး စွမ်းအင်အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအချိန်အခါ မတ်လသည် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်ရာ ပုံမှန်အားဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဆည်များတွင် စုဆောင်းထားရှိသည့်ရေများကို ဖွန်လအထိ ထိန်းသိမ်းမောင်းနှင်ပြီး ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် စတင်ထိန်းသိမ်းရမည့်အချိန်ကာလ ဖြစ်သော်လည်း၊ တက္ကသိုလ်ဝင်စာမေးပွဲ မကျင်းပမီနှင့် ကျင်းပချိန်များအတွင်း ကျောင်းသား၊ ကျောင်းသူများ ညပိုင်း စာကြည့်ချိန်နှင့် စာစစ်ဌာနများတွင် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိစေရန်အတွက် စုဆောင်းထားရှိသည့် ဆည်ရေများဖြင့် တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ရပါသည်။

၃။ သို့ရာတွင် တက္ကသိုလ်ဝင်စာမေးပွဲပြီးစီးသွားသည့်ရက်များမှ စတင်၍ နွေရာသီအချိန် ဖွန်လအထိ စဉ်ဆက်မပြတ်မျှတစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် လက်ရှိအချိန်တွင် ရာသီဥတုပူပြင်းမှုကြောင့် ဝန်အားသုံးစွဲမှုမြင့်တက်လာခြင်းကို ထိန်းညှိနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် ချိန်ညှိကာ အချို့သောနေရာ/အချိန်များတွင် ဝန်အားမျှတခွဲဝေဖြန့်ဖြူးခြင်း (Planned Load Shedding) အစီအစဉ်များကို (၁၈-၃-၂၀၂၆) ရက်မှ စတင်ပြုလုပ်ရမည်ဖြစ်ပါသည်။ **သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas - LNG) သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးသည့် ဓာတ်အားလိုင်းများအား ဝန်အားမျှတခွဲဝေဖြန့်ဖြူးခြင်း (Planned Load Shedding) မပြုလုပ်ဘဲ စဉ်ဆက်မပြတ်ဆက်လက်ဖြန့်ဖြူးပေးထားပါမည်။** သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျော့နည်းခြင်းအရ ဝန်အားမျှတခွဲဝေဖြန့်ဖြူးခြင်း(Planned Load Shedding) ဆောင်ရွက်ရမှုအပေါ် မိဘပြည်သူများအနေဖြင့် နားလည်ခွင့်လွှတ်ပေးပါရန်နှင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ချွေတာသုံးစွဲပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးတွင် ရောင်းဝယ်ဖောက်ကားနေမှုများကို သွားရောက်ကြည့်ရှုအားပေး





**မန္တလေး မတ် ၁၇**

ပြင်ဦးလွင်မြို့တွင် ခေတ်စနစ်နှင့်အညီ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံတကာနှင့်လိုက်လျောညီထွေမှုရှိပြီး တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်၍ ဒေသထွက်ကုန်အခြေခံကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း ရောင်းဝယ်ဖောက်ကားနေသည့် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး သုမင်္ဂလာအဆင့်မြင့်ဈေးသစ်သို့ သွားရောက်၍ ရောင်းဝယ်ဖောက်ကားနေမှုများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ခြောက်လွှာရှိ ဈေးဘက်စုံသုံးခန်းမအား လိုအပ်သည့် ဖြည့်ဆည်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဈေးအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ သုမင်္ဂလာအဆင့်မြင့်ဈေးအား တည်တံ့ခိုင်မြဲရေးနှင့်အစဉ်အမြဲသန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရန် ဈေးစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်များ ခွဲဝေချထားပေးသွားရေး၊ လာရောက်လည်ပတ်ကြသူများ စိတ်ချမ်းမြေ့စေရေးနှင့်ဈေးသူ၊ ဈေးသားများ အဆင်ပြေစွာဖြင့် ရောင်းဝယ်ဖောက်ကားမှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါ ကြောင်း ပြောကြားပြီးနောက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဈေးသစ်ကြီးသည် RC အမျိုးအစားခြောက်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးဝယ်သူများ အဆင်ပြေစွာ သွားလာနိုင်စေရန်အတွက် စက်လှေကား ၁၂ စင်း ၊ ဓာတ်လှေကား ၆ စင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးအန္တရာယ်ကာကွယ်မှုစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်မှုစနစ်များ၊ ယာဉ်ရပ်နားရန်နေရာများကို စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားပြီး ဈေးကြီးအတွင်း Branded ဆိုင်များ၊ Promotion Area၊ Cart Shop Area၊ Bank Area များ၊ Super Market တစ်ခု၊ မီနီမတ်ဆိုင်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့်အလှကုန်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အားကစားကွင်းတစ်ခုနှင့် ရုပ်ရှင်ရုံများပါဝင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**